KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# တောင်ငူခရိုင်နှစ်ချုပ်အစီရင်ခံစာ။ ဒေသတွင်းကြီးစားရုန်းကန်လှုပ်ရှားမှု။ ငြိမ်းချမ်းရေးဖြစ်စဉ်ကာလအတွင်းဖြစ်ပေါ်သော မြေယာအငြင်းပွားမှု၊ စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများနှင့် ဖွံ့ဖြိုးရေးပြဿနာများ (၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ မှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ အထိ)

၂၀၁၈ခုနှစ်၊ ဧပြီလ ၃ရက်



## နှစ်ချုပ်အစီရင်ခံစာ

၂၀၁၈ခုနှစ်၊ ဧပြီလ ၃ရက် /KHRG စာအမှတ်-17-4-F1

*ဤနှစ်ချုပ်အစီရင်ခံစာသည် ကရင်လူ့အခွင့်အရေးအဖွဲ့ သတင်းမှတ်တမ်းပြုစုသူများမှ သတင်းအချက်အလက်များအားပေးပို့ပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ နှင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအကြား တောင်ငူခရိုင်အတွင်းဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များအား အသေးစိတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ အဆိုပါနှစ်ချုပ်အစီရင်ခံစာတွင် မတူကွဲပြားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူမှုအသိုက်အဝန်းအတွက် အရေးကြီးသည့်အကြောင်းအရာများဖြစ်သော စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်ခြင်း၊ မြေယာသိမ်းဆည်းခြင်း၊ အိုးအိမ်စွန့်ခွာနေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ၊ ခွဲခြားဆက်ဆံမှု၊ မူးယစ်ဆေးဝါး၊ အခွန်ကောက်ခံခြင်း၊ ကျန်းမာရေး နှင့် ပညာရေး စသည့်အကြောင်းအရာများပါဝင်သည်။*

- *၂၀၁၆ ခုနှစ်တွင် တောင်ငူခရိုင်အတွင်း တပ်မတော်မှ ၎င်းတို့၏စစ်တပ်စခန်းများကို အခိုင်အမာအင်အားဖြည့်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)၏ လိုက်နာရမည့်ကတိကဝတ်များအားချိုးဖောက်နေသည့် စစ်ရေးလှုပ်ရှားမှုများမှာ ဆက်လက်၍ ဖြစ်ပေါ်နေပါသည်။ အထူးသဖြင့် တပ်မတော်မှ စစ်ရေးလေ့ကျင့်မှုသင်တန်းများနှင့် တပ်အင်အား နှင့် လက်နက်ခဲယမ်းဖြည့်တင်းမှုများပြုလုပ်ကြသည်။ ယခုလို လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်၏တည်ငြိမ်မှုကို ခြိမ်းခြောက်ခြင်းသည် ပြည်သူလူထုများအတွက် ဘေးကင်းလုံခြုံမှုနှင့် အသက်မွေးဝမ်းကျောင်းပြုမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေပါသည်။*

- *မြေယာသိမ်းဆည်းမှုသည် ၂၀၁၆ ခုနှစ်အတွင်းတွင် ဆက်လက်ဖြစ်ပွားနေသည့် အရေးကြီးကိစ္စရပ်တစ်ခုဖြစ်ပြီး တောင်ငူခရိုင်အတွင်း မြေယာသိမ်းဆည်းခြင်းနှင့်ပတ်သက်၍ မြေယာ သိမ်းဆည်းထားသူများဖြစ်ကြသည့်တပ်မတော်အပါအဝင် ပုဂ္ဂလိကကုမ္ပဏီများနှင့် မြန်မာအစိုးရတို့သည် ရွာသားများနှင့် မြေယာအငြင်းပွားမှုများ ဖြစ်ပွားခဲ့ပါသည်။ မြေယာသိမ်းဆည်းခံထားရသည့် ရွာသားများအပေါ် ကျရောက်လာနိုင်သည့် စားဝတ်နေရေးပြဿနာနှင့် မြေသိမ်းဆည်းမှု၏ဆိုးကျိုးသက်ရောက်မှုများကို စိုးရိမ်ကြ၍ တောင်ငူခရိုင်ရှိ ၎င်းတို့၏လယ်ယာမြေများအားပြန်လည်တောင်းခံသည့် ဆန္ဒပြပွဲများပြုလုပ်သည့်အပြင် အခြားမတူကွဲပြားသည့် နည်းလမ်းများကိုလည်း အသုံးပြုခဲ့ကြသည်။*

- *၂၀၁၆ ခုနှစ်တွင် တောင်ငူခရိုင်အတွင်း အိုးအိမ်စွန့်ခွာ၍ နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့် အဓိကအကြောင်းအရင်းမှာ ကောင်းမြန်မာအောင်ကုမ္ပဏီကဲ့သို့သော အာဏာရှိစီးပွားရေးလုပ်ဆောင်သူများ၏ ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ဆောင်ခြင်းကြောင့်ဖြစ်သည်။ ဤဖွံ့ဖြိုးရေးစီမံကိန်းများအား အကောင်အထည်ဖော်ရာတွင် ဒေသခံရွာသားများ၏မြေယာများအား ထိခိုက်ပျက်ဆီးမှုများရှိသော်ငြားလည်း ကုမ္ပဏီမှ စီမံကိန်းများကိုစတင်မဖော်ဆောင်မီ ရွာသားများ၏သဘောတူညီချက်ကိုကြိုတင်၍ တောင်းခံမှုမရှိခြင်းနှင့် ရွာသားများနှင့် ကြိုတင်ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုအစည်းအဝေးများအား ပြုလုပ်မှုမရှိခဲ့ပါ။*
- *ဒေသခံရွာသားများသည် ကရင်အမျိုးသားအစည်းအရုံး (KNU- ကေအဲန်ယူ) ကို ၎င်းတို့၏အခွန်ကောက်ခံသည့်စနစ်နှင့်ပတ်သက်၍ အခွန်ကောက်ခံရာတွင် ပွင့်လင်းမြင်သာမှုရှိရန်နှင့် KNU မှ မည်သို့သောလုပ်ထုံးလုပ်နည်းဖြင့် အခွန်ကောက်ခံသည်ကို ပိုမိုရှင်းလင်းစွာနားလည်လာစေရန် အခွန်နှင့်ပတ်သက်သည့် သင်တန်းများကို ပို့ချပေးရန် တောင်းခံခဲ့ကြသည်။*

- *ဆေးဝါးထောက်ပံ့မှု၊ ငွေကြေးမပြေလည်မှု၊ ပြည့်စုံနိုင်ခဲ့မှုမရှိသော ဆေးခန်းအဆောက်အအုံနှင့် ကျန်းမာရေးလုပ်သားများ လုံလုံလောက်လောက်မရှိခြင်းတို့ကြောင့် တောင်ငူခရိုင်၌ နေထိုင်ကြသောရွာသားများသည် ကျန်းမာရေးဝန်ဆောင်မှုရရှိရေးတွင် ကြီးမားသောအတားအဆီးများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။*

- *၂၀၁၂ ပဏာမအပစ်အခတ်ရပ်စဲရေးနှင့် ၂၀၁၅ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အားလက်မှတ်ထိုးပြီးသည့်နောက် အကြမ်းဖက်မှုပဋိပက္ခများလျော့ကျလာသည်ရှိလင့်ကစား အရည်အသွေးမပြည့်မီသောပညာရေးအဆောက်အအုံနှင့် ဘဏ္ဍာငွေအကန့်အသတ်ရှိခြင်း၊ ပညာရေးနှင့်ကျောင်း ဆရာများ၏အရည်အသွေးမပြည့်မီခြင်းနှင့် ဒေသလူမှုအသိုက်အဝန်း ရိုးရာဘာသာစကားနှင့်ကိုက်ညီသည့်ပညာရေးတစ်ရပ်အား အကောင်အထည်ဖော်ရာတွင် အတားအဆီးများရှိခြင်းကြောင့် တောင်ငူခရိုင်ရှိ ပညာရေးအခြေအနေသည် ထင်ထင်ရှားရှားတိုးတက်မှုမရှိနေသေးပါ။*

---

## နိဒါန်း

ဤတောင်ငူခရိုင်နှစ်ချုပ်အစီရင်ခံစာသည် ထန်းတစ်ပင်မြို့နယ်နှင့် သံတောင်ကြီးမြို့နယ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်၍ ရွာသားများ၏သက်သေထွက်ဆိုချက်များနှင့် ၎င်းတို့၏အမြင်ရှုထောင့်များကို အကျဉ်းချုပ်စီစစ်တင်ပြထားပါသည်။ တောင်ငူခရိုင်သည် ကရင်အမျိုးသားအစည်းအရုံး (KNU-ကေအဲန်ယူ) နှင့် မြန်မာအစိုးရတို့၏ ရောယှက်အုပ်ချုပ်နယ်မြေဖြစ်သည်။ KNU မှ တောင်ငူခရိုင်ကို ထန်းတစ်ပင်မြို့နယ်နှင့် သံတောင်ကြီးမြို့နယ်ဟူ၍ မြို့နယ်နှစ်ခုဖြင့်သတ်မှတ်ထားပြီး မြန်မာအစိုးရမှ ယင်းခရိုင်အတွင်း ရေတာရှည်၊ ထန်းတစ်ပင်၊ အုတ်တွင်း၊ သံတောင်ကြီး နှင့် တောင်ငူမြို့နယ်ဟူ၍ မြို့နယ် (၅) ခု သတ်မှတ်ထားသည်။ ဤအစီရင်ခံစာတွင် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ နှင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအကြား ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သတင်းမှတ်တမ်းပြုစုသူများမှ မှတ်တမ်းတင်ထားသည့် အင်တာဗျူး (တွေ့ဆုံမေးမြန်းခန်း)အပါအဝင် ဒေသတွင်း နောက်ဆုံးရအခြေအနေတင်ပြချက်အစီရင်ခံစာနှင့် ဓာတ်ပုံမှတ်တမ်း အားလုံးစုစုပေါင်း အစီရင်ခံ မှတ်တမ်း (၃၇) ခုမပါရှိသော အချက်အလက်များအား KHRG မှ ပြန်လည်စီစစ်၍ တင်ပြထားခြင်းဖြစ်သည်။

## စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှု

၂၀၁၆ ခုနှစ်အတွင်း တောင်ငူခရိုင်ဒေသတစ်လျှောက် စစ်ရေးလှုပ်ရှားမှုများဆက်လက်ဖြစ်ပေါ်နေမှုကြောင့် ယခုလျှောက်လှမ်းနေသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုရိုက်ခတ်စေပြီး ရွာသားများ၏ဘေးကင်းလုံခြုံမှုနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာစိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေပါသည်။ မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU/KNLA) အပါအဝင် ကရင်လက်နက်ကိုင်တပ်ဖွဲ့များဖြစ်ကြသော DKBA (အကျိုးပြုအဖွဲ့) နှင့် KNU/KNLA-PC (ကရင်ငြိမ်းချမ်းရေးကောင်စီအဖွဲ့) တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)[1] အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် သဘောတူလက်မှတ်

---

[1] တိုင်းရင်းသားနယ်မြေဒေသများတွင် လက်နက်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေပြီး များစွာသောတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ ပါဝင်မှုမရှိသည့်ဆွေးနွေးတိုင်ပင်မှု ဖြစ်စဉ်တစ်ရပ်အားပြုလုပ်ပြီးသည့်နောက်တွင် မြန်မာအစိုးရနှင့် KNU အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် Nationwide Ceasefire Agreement (NCA) အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

ရေးထိုးခဲ့ပြီးသော်ငြားလည်း KHRG မှ *"မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဆက်လက်ဖြစ်ပေါ်နေသည့် စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများ"* နှင့် *"အကြောက်တရား၏အုတ်မြစ်။ ။ မြန်မာပြည်အရှေ့တောင်ပိုင်းအတွင်း ၂၅ နှစ်တာ ရွာသားများ၏အသံ"* ၏ *"အခန်း ၁။ ။စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်ခြင်း"* စသည့်အစီရင်ခံစာ၏ စစ်ရေးလှုပ်ရှားမှုကြောင့် ရွာသားများ၏စိတ်ထဲ၌ဖြစ်ပေါ်သောစိုးရိမ်ပူပန်မှုများကို ပုံမှန်မီးမောင်းထိုးတင်ပြနေခဲ့ဆဲဖြစ်သည်။ ၂၀၁၆ ခုနှစ်အတွင်း KHRG သတင်းမှတ်တမ်းပြုစုသူများ၏တင်ပြချက်အရဆိုလျှင် တောင်ငူခရိုင်တစ်လျှောက်ရှိ တပ်မတော်၏ လှုပ်ရှားမှုသည် ယခင်ထက်ပို၍တိုးများလာသည်။ ၎င်းတို့၏စစ်တပ်စခန်းများကိုပိုမိုအားကောင်းလာစေရန် စားနပ်ရိက္ခာ၊ တပ်အင်အားနှင့်လက်နက်ခဲယမ်းများကဲ့သို့သော စစ်ရေးရာအသုံးဆောင်ပစ္စည်းများအား စစ်တပ်စခန်းသို့ ပို၍တင်ပို့ခဲ့ကြပြီး စစ်ရေးလေ့ကျင့်မှုသင်တန်းများကို ပုံမှန်ပြုလုပ်ခြင်းနှင့် ပြည်သူများ၏နေရပ်ဒေသအတွင်း စစ်ဝတ်စုံနှင့်လက်နက်ခဲယမ်းအပြည့်အစုံဖြင့် ကင်းလှည့်လှုပ်ရှားမှုများပြုလေ့ရှိကြသည်။

သံတောင်ကြီးမြို့နယ်တို့တွင် လှုပ်ရှားမှုရှိသော တပ်မတော်အခြေချတပ်ရင်းများ၏အချက်အလက်များနှင့်ပတ်သက်၍ KHRG မှ အသေးစိတ်လက်ခံရရှိခဲ့သည်။ ယင်းလှုပ်ရှားမှုရှိသောတပ်ရင်းများမှာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံ ခြေလျင်တပ်ရင်း (ခလရ) အမှတ်(၇၃)၊ ထန်းတစ်ပင်မြို့နယ်တွင်လှုပ်ရှားသည့် စစ်ကွပ်ကဲအခြေစိုက် (စကခ) အမှတ်(၅)လက်အောက်ခံ ခြေမြန်တပ်ရင်း (ခမရ) အမှတ်(၅၄၃)၊ သံတောင်ကြီးမြို့နယ်မှ သံတောင်ကြီးအမာခံစစ်တပ်စခန်းတွင် အခြေချသော (ခမရ) အမှတ်(၁၂၄)၊ လိပ်သိုဒေသတွင် လှုပ်ရှားသော (ခမရ) အမှတ် (၆၀၃) နှင့် (ခလရ) အမှတ် (၇၃) တို့ဖြစ်ကြသည်။ (ခမရ) အမှတ်(၅၄၃)၊ (၄၁၃)၊ (၃၅၁)၊ (၄၁၄)၊ (၂၆၄)၊ (၅၉၀) နှင့် (ခလရ) အမှတ်(၈၄)၊ (၄၈)၊ (၃၉) တို့သည် နည်းဗျူဟာ (နဗဟ) အမှတ်(၁) နှင့် (စကခ) အမှတ်(၆) တို့၏ လက်အောက်ခံတပ်များဖြစ်ကြသည်။ အခြားလှုပ်ရှားမှုရှိသော တပ်ရင်းများမှာ (ခမရ) အမှတ် (၂၈၈)၊ (၅၈၁)၊ (၅၈၂)၊ (၅၈၄)၊ (၅၉၂)၊ (၅၉၃)၊ (၅၉၄)၊ (၅၉၅)၊ (စကခ) အမှတ်(၂၀)၊ (စဗဟ) အမှတ်(၂) နှင့် (၃) တို့ဖြစ်ကြသည်။ ဗိုလ်ချုပ်အောင်မျိုးသန့် ဦးဆောင်သော (စကခ) အမှတ်(၂၀) သည် လစဉ်တပ်အပြောင်းအလဲလုပ်ပြီး ဗျူဟာတပ်ရင်းမှာ သုံးလတစ်ကြိမ် တပ်အပြောင်းအလဲလုပ်သည်။ တပ်ရင်းတစ်ချို့သည် သုံးလတစ်ကြိမ် (သို့မဟုတ်) လေးလတစ်ကြိမ်စားနပ်ရိက္ခာများပို့ဆောင်ပြီး အချို့မှာမူ တစ်ပတ်ကိုတစ်ကြိမ် စားနပ်ရိက္ခာများသယ်ယူပို့ဆောင်လေ့ရှိကြသည်။ ဥပမာအားဖြင့် KHRG သတင်းမှတ်တမ်းပြုစုသူတစ်ဦး၏ရေးသားပေးပို့သော ဒေသတွင်းနောက်ဆုံးရအခြေအနေတင်ပြချက် အစီရင်ခံစာအရ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် နှင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအကြား တပ်မတော်မှ ခလယ်လာဒေသ နှင့် ဘူးဆာခီး၊ ခလယ်လာ၊ ကလောမီဒမ်၊ သံတောင်ကြီး နှင့် ကော်သေဒမ် စစ်တပ်စခန်းတို့တွင် စစ်ကား အစီး(၇၀) နှင့် မြင်းအကောင်(၁၀၀) ဖြင့် စားနပ်ရိက္ခာများကိုသယ်ယူပို့ဆောင်ခဲ့သည်။ ထို့အပြင် တောင်ငူခရိုင်မှ KHRG သတင်းမှတ်တမ်းပြုစုသူများ၏တင်ပြချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် သံတောင်ကြီးမြို့နယ်ရှိ ဘုရင့်နောင်စစ်တပ်စခန်းသို့ လာရောက်လည်ပတ်ခဲ့သည်။ ဗိုလ်ချုပ်မှူးကြီး၏ လာရောက်လည်ပတ်မှုသည် သံတောင်ကြီးမြို့နယ်အရှေ့ဘက်ခြမ်းရှိ တပ်မတော်၏ရှေ့တန်းတပ်များအားစည်းရုံးရန်နှင့် ၎င်းတပ်တို့အား အင်အားဖြည့်စွက်ရန် ရည်ရွယ်ချက်ဖြင့်လာရောက်ခြင်းဖြစ်နိုင်သည်ဟု ရွာသားများကထင်မြင်ယူဆသည်။

ဆက်လက်၍ ယင်းရိက္ခာတင်ပို့မှုများနှင့်ပတ်သက်၍ တပ်မတော်မှ လမ်းဘေးတစ်လျှောက်တွင် လုံခြုံရေးတပ်များချထားပြီး ရွာသားများ၏အိမ်များ၌လည်း နေထိုင်တည်းခိုခဲ့ကြခြင်းကြောင့် ယခုလက်ရှိ လျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ရွာသားများက သံသယပိုဖြစ်လာကြသည်။ သံတောင်ကြီးမြို့နယ်ရှိ ဘုရင့်နောင်စစ်လေ့ကျင့်ရေးသင်တန်းစခန်းတွင် လေးလတစ်ကြိမ်စစ်ရေးလေ့ကျင့်မှုသင်တန်းကိုလည်း ပြုလုပ်ခဲ့သည်။ အဆိုပါစစ်လေ့ကျင့်ရေးသင်တန်းတွင် လက်နက်ကြီးနှင့် အမြောက်ဆံပစ်ခတ်မှုများရှိသည့်အပြင် ရွာသားများ၏စိုက်ပျိုးခြံနှင့်

ဥယာဉ်ခြံများထိခိုက်ပျက်ဆီးစေသည့် အခြားစစ်လေ့ကျင့်ရေးကဏ္ဍအသီးသီးကိုလည်း ၎င်းတို့မှပြုလုပ်ခဲ့ကြသည်။ ဤစစ်လေ့ကျင့်ရေးသင်တန်းများကြောင့် ရွာသားများသည် ၎င်းတို့၏ဘေးကင်းလုံခြုံမှုအတွက် စိုးရိမ်ပူပန်မှုများရှိကြသည်။ အဘယ်ကြောင့်ဆိုသော် တပ်မတော်မှ ၎င်းတို့ပြုလုပ်မည့်စစ်လေ့ကျင့်ရေးသင်တန်းနှင့်ပတ်သက်၍ ကြိုတင်အသိပေးကြေညာချက်ထုတ်ပြန်ပြီး ပြည်သူများကိုကြိုတင်အသိပေးမှုရှိသော်ငြားလည်း ထိုဒေသတွင် လမ်းပန်းဆက်သွယ်ရေးအားနည်းခြင်းကြောင့် ပေးပို့အကြောင်းကြားသည့် သတင်းအချက်အလက်များသည် ထိုဒေသသို့ အချိန်မှီမရောက်ရှိခဲ့ချေ။ ထို့အပြင် စစ်ရေးလေ့ကျင့်နေသည့်နေရာတစ်ဝိုက်တွင် မြေယာပိုင်ဆိုင်သည့် (သို့မဟုတ်) အလုပ်လုပ်ကိုင်သည့်ရွာသားများသည် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ရုပ်ပိုင်းဆိုင်ရာဘေးကင်းလုံခြုံမှုအတွက် အခက်အခဲများရင်ဆိုင်ကြုံတွေ့ကြရသည်။

တောင်ငူခရိုင်အတွင်း တပ်မတော်တပ်ရင်းမြောက်များစွာတည်ရှိနေခြင်းကြောင့် ရွာသားများသည် ၎င်းတို့၏လုံခြုံရေးအတွက်စိတ်ပူကြရ၍ သတိဖြင့် တစ်ယောက်တည်းသွားလာနေထိုင်လေ့မရှိကြပါ။ ဥပမာ တပ်မတော်တပ်ရင်းများသည် ရွာများ၏အနီးနားတွင် စစ်တပ်စခန်းများတည်ဆောက်ခြင်းကြောင့် အမျိုးသမီးများသည် ၎င်းတို့၏

အမျိုးသားများအပြင်သွားနေချိန်တွင် အိမ်တွင်နေရန် စိုးရိမ်မှုများရှိကြသည်။ လ--- ရွာတွင်နေထိုင်သော နော်အ--- ၏ အဆိုအရ-

*"အကယ်၍ ကျွန်မတို့ရဲ့ယောကျ်ားတွေက အဝေးမှာရှိနေရင် [အိမ်မှာအိပ်ဖို့] ကျွန်မတို့ကြောက်တယ်။ ကျွန်မက ကျွန်မရဲ့ယောကျ်ားကို 'နင်အိမ်မှာမရှိလို့ရှိရင် ငါတပ်မတော်စစ်သားတွေကို ကြောက်တယ်။ တကယ်လို့ သူတို့က ငါတို့အိမ်ကိုလာလို့ရှိရင် ငါဘာဆက်လုပ်ရမှာလဲ။' ဆိုပြီး သူ့ကိုအမြဲတမ်းပြောတယ်။ ဒါက ကျွန်မတို့တွေရဲ့ စိုးရိမ်ပူပန်မှုပဲ။"*

လ--- ရွာရှိ အမျိုးသမီးများသည်လည်း ထင်းခွေရန်အတွက် ကြောက်ရွံ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ရွာသားများ၏ခြံထဲတွင် တပ်မတော်စစ်သားများက ထင်းများလာရောက်ကောက်ယူမှုရှိခြင်း ကြောင့်ဖြစ်သည်။ အကြမ်းဖက်မှုအန္တရာယ်အား လျှော့ချရန်အတွက် ကျေးရွာသူအမျိုးသမီးများသည် ရွာလူကြီးအား အောက်ပါအတိုင်း ဖိအားပေးတောင်းဆိုကြသည်။

*"ဘာဖြစ်လို့ သူတို့တွေကို ထင်းလာမကောက်ဖို့ မတားတာလဲ။ ကျွန်မတို့က မိန်းမသားဖြစ်လို့ [ထင်းသွားကောက်ဖို့အတွက်] တစ်ယောက်တည်း အပြင်သွားပြီး ထွက်ကောက်လို့မရဲဘူး။ တပ်မတော်စစ်သားတွေ ရှိလို့။"*

KHRG အဖွဲ့ဝင်များ၏စီစစ်ချက်အရ တပ်မတော်မှ ၎င်းတို့၏ရှေ့တန်းစစ်တပ်စခန်းများရှိ တပ်များကို အင်အားဖြည့်တင်းခြင်းများပြုလုပ်သည့်အပြင် စစ်တပ်စခန်းများအား လက်နက်ခဲယမ်းများပံ့ပိုးမှုရှိနေ၍ (NCA) ကတိကဝတ်တွင်ပါရှိသောစည်းမျဉ်းစည်းကမ်းများအား ချိုးဖောက်နေသည်ကို တွေ့ရသည်။[2] ယင်း (NCA) စည်း မျဉ်းစည်းကမ်းများချိုးဖောက်ခြင်းကြောင့် ရွာသားများက လက်နက်ပဋိပက္ခတဖန်ပြည်လည်ဖြစ်ပွားလာမည် ကိုစိုးရိမ်ကြကြောင်း

[2] တပ်မတော်မှ အထူးသဖြင့် NCA ၏ အခန်းကြီး (၃)၊ အခန်းငယ် (၅-က) ကို ကျူးလွန်ချိုးဖောက်မိကြောင်း လေ့လာတွေ့ရှိရသည်။ ထိုအခန်းတွင် ထုတ်ပြန်ထားသည်မှာ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် တပ်ပိုင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာကျင့်သုံးဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါစည်းကမ်းချက်ထဲတွင် "အပစ်အခတ်ရပ်စဲသည့် နယ်မြေများတွင် ဤလုပ်ဆောင်ချက်များအား တွေ့ရှိပါက ရပ်ဆိုင်းရမည် - နယ်မြေစိုးမိုးရန်အတွက် တပ်လှုပ်ရှားမှုပြုလုပ်ခြင်း၊ ရန်သူဖက်သို့ ကင်းထောက်ခြင်း၊ စစ်သားစုဆောင်းမှုပြုလုပ်ခြင်း၊ လက်နက်ဖြင့် တိုက်ခိုက်ခြင်း၊ မိုင်းထောင်ခြင်း၊ အကြမ်းဖက်မှုပြုခြင်း၊ ပစ္စည်းပိုင်ဆိုင်မှု ဖျက်ဆီးခြင်း နှင့် ထိုးစစ်ဆင်နွှဲခြင်း။"

တင်ပြခဲ့ကြသည်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့၌ သံတောင်ကြီးမြို့တွင် တပ်မတော်မှ ယာဉ်လေးစီး နှင့်အတူ တပ်မတော်စစ်သား (၇၀) ဦးအား သံတောင်ကြီးမြို့၊ အမှတ်(၃) ရပ်ကွက်သို့ ဒေသခံပြည်သူများကို ကြိုတင်အသိပေးခြင်းမရှိပဲ ရောက်ရှိလာခဲ့သည်။ ၎င်းတို့ကို KNLA စစ်သားများ လက်နက်များဖြင့် လာရောက်ပစ်ခတ် မည့်သတင်းကို တပ်မတော်စစ်သားများကကြား၍ KNLA ကို ပြန်လည်တိုက်ခိုက်ရန် လက်နက်ကြီးမြောက်များစွာကို မြို့အတွင်းသို့ယူဆောင်လာကြသည်။ ကံအားလျော်စွာပင် ထိုနေရာတွင် KNLA စစ်သားတစ်ဦးတစ်ယောက်မျှ မတွေ့ခဲ့ခြင်းကြောင့် ထိတွေ့မှုတစုံတရာမရှိခဲ့ချေ။ သို့သော် ယခုလိုဖြစ်စဉ်မျိုးရှိနေခြင်းကြောင့် ရွာသားများမှာလုံခြုံ သည်ဟုမခံစားရသည့်အပြင် ယခုလက်ရှိလုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးလမ်းစဉ်အပေါ် ယုံကြည်မှုလျော့နည်းလာ စေပါသည်။



ဤဓာတ်ပုံနှစ်ပုံကို KHRG အဖွဲ့ဝင်တစ်ဦးမှ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့၌ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ မ--- ရွာတွင် ရိုက်ယူခဲ့သည်။ ပုံသည် (စကခ) အမှတ်(၅) လက်အောက်ခံဖြစ်သည့် (ခမရ) အမှတ်(၅၆၃) စစ်တပ်စခန်း၏ပုံဖြစ်သည်။ ဤပုံများကို ရိုက်ယူခဲ့သည့် KHRG သတင်းမှတ်တမ်းပြုစုသူတစ်ဦး၏အဆိုအရ ဤစစ်တပ်စခန်းရှိ တပ်မတော်စစ်သားများသည် ၎င်းတို့၏စခန်းကို နှစ်စဉ်နှစ်တိုင်းပြန်လည်ပြုပြင်မွမ်းမံကြပြီး စခန်းအတွင်းရှိတူးမြောင်းများနှင့် ကတုတ်ကျင်းများကို ကောင်းကောင်းမွန်မွန်ပြန်လည်ပြုပြင်ထားသည်။ တင်ပြချက်အရ တပ်ရင်းမှူး တင်ကိုလင်းမှ ရွာသားများ၏နွားများတပ်စခန်း အနီးတွင်လျှောက်သွားပြီး စစ်တပ်၏ခြံစည်းရိုးများကိုဖျက်ဆီးခြင်းကြောင့် နွားပိုင်ရှင်ရွာသားများအားအပြစ်တင်ခဲ့သည်။ သို့ဖြစ်၍ နွားများကိုပိုင်ဆိုင်သည့် ရွာသားများကို ဝါးလုံးတိုင် ၁၅ ချောင်း ခုတ်ခိုင်းပြီး ထိုဝါးများကို စစ်တပ်စခန်းသို့ သယ်ဆောင်လာရန် အမိန့်ပေးစေခိုင်းခဲ့သည်။ *(ဓာတ်ပုံ- KHRG)*

ကရင်အမျိုးသားအလံတော်အား KNLA စစ်သားများကစိုက်ထူရန် တပ်မတော်မှ ကန့်ကွက်တားဆီးခြင်းကြောင့် ရွာသားများ၏မလုံခြုံမှုသည် ပို၍မြင့်တက်လာသည်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ သံတောင်ကြီးမြို့နယ်၊ လ--- ရွာအနီးတွင် အခြေချနေထိုင်သော KNLA စစ်သားများ၏ စိုက်ထူထားသည့် ကရင်အမျိုးသားအလံတော်အား ဖြုတ်ချရန် ဘုရင့်နောင်တပ်မြို့မှ တပ်မတော်တပ်နယ်မှူး ဦးစိုးတင့်နိုင်က ခလရ အမှတ်(၃၉) ဒုတပ်ရင်းမှူး ရဲမင်းနိုင် နှင့် တပ်ခွဲမှူး သောင်းတင်အောင် တို့အားအမိန့်ပေးရာတွင်-

*"ဘုရင့်နောင်တပ်မြို့က တပ်နယ်မှူးဦးစိုးတင့်နိုင်က ခင်ဗျားတို့ထူထားတဲ့ ကရင်အလံကို မကြိုက်ဘူး။ အဲ့ဒီတော့ ခင်ဗျားတို့ အဲ့ဒါကိုဖြုတ်ရမယ်။ ဒါမှမဟုတ်ရင်တော့ မလိုလားအပ်တဲ့ပဋိပက္ခတွေ ဖြစ်သွားလိမ့်မယ်။"*

ကနဦးတွင် KNLA စစ်သားများက ကရင်အမျိုးသားအလံတော်ကို ဖြုတ်ခဲ့သော်ငြားလည်း နောက်ရက်တွင်ထပ်မံ၍ အလံထပ်တင်ခဲ့ခြင်းကြောင့် တပ်မတော်သည် KNLA စစ်တပ်စခန်းသို့ တဖန်ပြန်လှည့်လာခဲ့ပြီး ထိုအလံအား ဖြုတ်ချရန် အမိန့်ပေးခဲ့ပြန်သည်။ ရွာသားများ၏ စိုးရိမ်ပူပန်မှုများအရ တပ်မတော်နှင့် KNLA အကြား နှစ်ဦးနှစ်ဖက် အပြန်အလှန်နားလည်ယုံကြည်မှုနည်းပါးခြင်းကြောင့် ပဋိပက္ခပြန်လည်အစပျိုးမှုကို ဦးတည်စေပါသည်။





လက်ဝဲဘက်တွင် ဖော်ပြထားသည့် ဓာတ်ပုံကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက် တောင်ငူခရိုင်၊ သံတောင်ကြီး မြို့နယ်တွင် ရိုက်ယူခဲ့သည်။ ဖော်ပြပါပုံသည် တပ်မတော်မှ ရိက္ခာသယ်မည့်မြင်းများကို ယာဉ်ပေါ်တွင် တင်ထား သည့်ပုံဖြစ်သည်။ ပြီးနောက်တွင် ရှေ့တန်းရှိတပ်မတော်စခန်းများသို့ ရိက္ခာများသယ်ဆောင်ရန်အတွက် ထိုမြင်းများကို အသုံးပြုသည်။ ထို့အပြင် တောင်ငူခရိုင်၊ တောင်ငူမြို့နယ် အရှေ့ဘက်ခြမ်းတွင် တည်ရှိသော ယာယီ စစ်တပ်စခန်းများအား အင်အားဖြည့်ရန်အတွက် ဆက်ပြီး တပ်အင်အားနှင့် ရိက္ခာများကို စစ်ကား (၃၈) စီးဖြင့် တင်ဆောင်လာခဲ့သည်။ လက်ယာဘက်တွင် ဖော်ပြထားသည့် ဓာတ်ပုံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက် တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်တွင် ရိုက်ယူခဲ့သည်။ တပ်မတော်မှ စားနပ်ရိက္ခာများကို စစ်ကားများဖြင့် သယ်ဆောင်လာသည့် ပုံဖြစ်သည်။ စစ်ကား (၁၅) စီးထက်မနည်း မောင်းနှင်လာသော တပ်မတော်ယာဉ်တန်းတွင် စားနပ်ရိက္ခာများနှင့် စစ်သားအပြည့်ပါရှိကြောင်း လေ့လာသိရှိခဲ့ရသည်။ *(ဓာတ်ပုံ - KHRG)*



ဤဓာတ်ပုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၄ ရက် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်တွင် ရိုက်ယူခဲ့သည်။ သံတောင်ကြီးမြို့နယ်၊ ဘုရင့်နောင်တပ်စခန်း မှ တပ်ရင်းမှူးအဆင့်ရာထူးအား တိုးမြှင့်ရန် တပ်ကြပ်ကြီးများအားသင်တန်းပေးခြင်းဖြစ်သည်။ တပ်မတော်မှ စစ်သင်တန်းများကို ဘုရင့်နောင်တပ်စခန်းတွင် လေးလတစ်ကြိမ်ပြုလုပ်သည်။ ဤပုံတွင် ဖော်ပြထားသည့်စစ်ကားသည် ဘုရင့်နောင်စစ်တပ်စခန်းမှပြုလုပ်သောစစ်သင်တန်းမှ ပြန်လာသည့်စစ်ကား (၁၁) စီးမှ တစ်စီးအပါအဝင်ဖြစ်သည်။ *(ဓာတ်ပုံ - KHRG)*

တပ်မတော်မှ ၎င်းတို့၏လုပ်ရပ်များအပေါ် တာဝန်ယူမှု၊တာဝန်ခံမှုမရှိခြင်းနှင့် ပြစ်ဒဏ်မှလွတ်ငြိမ်းခြင်းစသည့် တောင်ငူခရိုင်အတွင်း စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုမြင့်တက်လာခြင်းကြောင့် ရွာသားများက စိုးရိမ်ပူပန်ကြသည်။ ဥပမာအားဖြင့် ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်စစ်သားများသည် ၎င်းတို့၏စားနပ်ရိက္ခာများကို သယ်ယူပို့ဆောင်နေစဉ်အတွင်း ရွာသားနှစ်ဦးအား တပ်မတော်ယာဉ်နှင့် တိုက်မိ၍ သေဆုံးခဲ့သည်။ သို့သော်ငြားလည်း တပ်မတော်မှ သေဆုံးသူများ၏ မိသားစုများကို လျော်ကြေး၊ နစ်နာကြေးတစ်ခုမျှပေးကမ်းခြင်းမရှိပါ။ ထို့အစား ယာဉ်မောင်းသူ ကိုရဲ အားစစ်တရားရုံးသို့ တပ်မတော်မှ ခေါ်ဆောင်သွားခဲ့သည်။ တရားစီရင်ရာတွင် စစ်တရားရုံးမှာ ပွင့်လင်းမြင်သာမှုမရှိသည့်အတွက် ဒေသခံပြည်သူများသည် ကျူးလွန်သူအား စစ်တရားရုံးမှ အပြစ်ပေးသည်၊ မပေးသည်ကို အတည်မပြုနိုင်ခဲ့ကြချေ။

အကယ်၍ ယခုလျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေးလမ်းကြောင်းအား ဆက်လက်ထိန်းထားနိုင်ရန်နှင့် ပြည်သူပြည်သားများ၏ ယုံကြည်မှုကိုပို၍ရယူလိုလျှင် အထူးသဖြင့် တပ်မတော်အပါအဝင် လက်နက်ကိုင်များအားလုံး ၎င်းတို့၏တပ်နှင့် လက်နက်ခဲယမ်းများဖြည့်စွပ်လုပ်ဆောင်မှုရပ်ဆိုင်းခြင်း၊ ပြည်သူများအပေါ်ထိတွေ့ဆက်ဆံမှုကောင်းမွန်အောင်လုပ်ဆောင်ခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ပြည်သူများနေထိုင်ရာ ပတ်ဝန်းကျင်အတွင်း ကင်းလှည့်လည်မှုများအား လျှော့ချခြင်းဖြင့် NCA စည်းမျဉ်းစည်းကမ်းများကို တင်းကြပ်စွာလိုက်နာဆောင်ရွက်သင့်ပါသည်။ လက်နက်ကိုင်ဆောင်ထားသူများအားလုံးအနေနဲ့လည်း လူမျိုးစုများ၏ရိုးရာယဉ်ကျေးမှုများအား နှစ်ဦးနှစ်ဖက်အပြန်အလှန် ဦးစားပေးလေးစားသမှုရှိရမည်။

## မြေယာသိမ်းဆည်းခြင်း

၂၀၁၆ ခုနှစ် တောင်ငူခရိုင်အတွင်း KHRG မှ လက်ခံရရှိခဲ့သည့် သတင်းအချက်အလက်အများစုမှာ မြေယာပြဿနာဖြစ်ပြီး ဤသည် အရမ်းကိုအရေးကြီးသည့်ပြဿနာကိစ္စရပ်တစ်ခုဖြစ်သည့်အပြင် လူမှုအသိုက်အဝန်း၏စိုးရိမ်ပူပန်မှုအများဆုံးကိစ္စတစ်ခုလည်း ဖြစ်သည်။ မြေယာနှင့်ပတ်သက်၍ ကရင်ပြည်နယ်ရှိ ခရိုင်အားလုံးအတွင်း တင်းမာမှုနှင့် ပဋိပက္ခများရှိပြီး ရွာသားအချင်းချင်းသော်လည်းကောင်း၊ ရွာသားများနှင့် အာဏာရှိအင်အားကြီးပုဂ္ဂိုလ်အကြားသော်လည်းကောင်း အစရှိသည့်မြေယာအငြင်းပွားမှုပြဿနာများသည် ဖြေရှင်းခြင်းမရှိပဲ ဆက်လက်၍ဖြစ်ပေါ်နေပါသည်။ အထူးသဖြင့် တောင်ငူခရိုင်အတွင်း မြေယာများကိုအများဆုံးသိမ်းယူသည့်သူများမှာ တပ်မတော်၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် မြန်မာအစိုးရတို့ဖြစ်ကြသည်။ ယင်းအသိမ်းဆည်းခြင်းခံထားရသည့်မြေများအား ပုဂ္ဂလိကကုမ္ပဏီမှများသောအားဖြင့် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများအတွက်အသုံးပြုပြီး တပ်မတော်မှ စစ်တပ်စခန်းများတည်ဆောက်ခြင်း၊ စစ်တပ်စခန်းများအားခိုင်မာအောင်ပြုလုပ်ခြင်းနှင့် စစ်လေ့ကျင့်ရေးသင်တန်းနယ်မြေထူထောင်ခြင်းစသည့် စစ်ဘက်ရေးရာအတွက်ရည်ရွယ်ပြီး ထိုမြေများကိုသိမ်းဆည်းခဲ့သည်။

၂၀၁၅ ခုနှစ်မှစ၍ တောင်ငူခရိုင်အတွင်းရှိ မြေယာအသိမ်းဆည်းခံထားရသည့်ဒေသခံပြည်သူများသည် ၎င်းတို့၏မြေယာများကိုပြန်လည်တောင်းဆိုရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဆန္ဒပြမှုများအပါအဝင် တိုင်ကြားစာများရေးသားပေးပို့ခြင်းနှင့် မြေယာသိမ်းဆည်းသူမှကမ်းလှမ်းသည့် နစ်နာကြေးများအားငြင်းပယ်ခြင်း စသည့်မတူကွဲပြားသောနည်းလမ်းပေါင်းစုံကို ထပ်ခါတလဲလဲလုပ်ဆောင်ကြသည်။ ဤလုပ်ဆောင်ချက်များအပေါ် တုန့်ပြန်သည့်

အနေဖြင့် မြေယာသိမ်းဆည်းထားသူများသည် ရွာသားများနှင့်တိုင်ပင်ဆွေးနွေးမှု (သို့မဟုတ်) ညှိနှိုင်းမှုများမလုပ်ပဲ မြေပိုင်ရှင်ရွာသားများကို တရားစွဲဆိုခဲ့သည်။

## ဘုရင့်နောင်တပ်မြေယာသိမ်းဆည်းမှု

ယခုလက်ရှိတွင် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်အတွင်း တပ်မတော်မှ စစ်တပ်စခန်းနှင့်စစ်လေ့ကျင့်ရေး သင်တန်းဌာန (အမှတ်(၂) စစ်လေ့ကျင့်ရေးသင်တန်းဌာန) နှစ်မျိုးစလုံးထားရှိသည်။ စစ်တပ်စခန်းနှင့်စစ်လေ့ကျင့် ရေးသင်တန်းဌာနနှစ်ခုလုံးအား ဒေသခံပြည်သူများထံမှသိမ်းဆည်းထားသည့် မြေများပေါ်တွင် တည်ဆောက်ထားပြီး တပ်မတော်မှ နှစ်ပေါင်းများစွာနေထိုင်လှုပ်ရှားနေခဲ့ကြသည်။ ၂၀၀၆ ခုနှစ် မှစ၍ တပ်မတော်မှ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်ရှိ ရှောက်ပင်ချောင်း၊ ရွာကြီး၊ ငွေတောင်ကြီး၊ ကွမ်းပင်ကျေးရွာအုပ်စုများမှ ဒေသခံရွာသားများ ၏မြေများကို ဆက်လက်သိမ်းဆည်းနေခဲ့ဆဲဖြစ်သည်။ ဒေသခံပြည်သူများ၏အဆိုအရ တပ်မတော်၏ ၂၀၁၆ ခုနှစ်တွင် စိုက်ထူထားသောဆိုင်းဘုတ်ပေါ်တွင် ၁၅၂၁ ဧက ရှိသော မြေအကျယ်အဝန်းသည် ၂၀၀၆ ခုနှစ်ကတည်း ကပင် ဘုရင့်နောင်စစ်တပ်စခန်းပိုင်မြေဖြစ်ခဲ့ပြီဟုဖော်ပြထားပါသည်။ အမှန်ဆိုလျှင် ၂၀၁၅ ခုနှစ်တွင် တပ်မတော်၏ စစ်ဌာနနှင့် လေ့ကျင့်ရေးသင်တန်းကျောင်းအတွက် မြေယာ ၅၀၀၀ ဧကအား တပ်မတော်မှသိမ်းဆည်းခဲ့သည့်အပြင် ဆယ်စုနှစ်ကြာရှိသော ၎င်းတို့၏စစ်တပ်စခန်းများအတွက်လည်းထပ်မံပြီး ထိုဒေသရှိမြေများကိုသိမ်းယူခဲ့သည်။ တပ်မတော်မှ ၎င်းတို့၏စစ်ဌာနအဖြစ် အသုံးပြုသည့်မြေများအား ၂၀၀၇-၂၀၀၉ ခုနှစ်တွင် ယာယီရပ်ဆိုင်းခဲ့သော် လည်း ၂၀၁၄-၂၀၁၆ ကြားကာလတွင် ထိုမြေများကို ပြန်လည်စတင်၍အသုံးပြုခဲ့ပြီး ကတုတ်ကျင်းအသစ်များနှင့် ခြံစည်းရိုးများကို ၂၀၁၅ ခုနှစ်မှစတင်၍ တည်ဆောက်ခဲ့ကြသည်။

## အခြားသော တပ်မတော်နှင့် မြန်မာအစိုးရတို့၏ မြေယာသိမ်းဆည်းမှုများနှင့် ကျေးလက်စွမ်းရည်

ကနဦးရေးသားဖော်ပြခဲ့သည့် အသေးစိတ်အချက်အလက်အရ ထန်းတစ်ပင်မြို့နယ်၊ သံတောင်ကြီးမြို့တွင် အခြေချ သည့်တပ်မတော်သည် ဘုရင့်နောင်ဗဟိုစစ်သင်တန်းဌာန၊ စစ်သင်တန်းကျောင်းအဆောက်အဦးများနှင့် အခြား စစ်ဘက်ဆိုင်ရာရည်ရွယ်ချက်များဖြင့် ရွာသားတို့၏ဘိုးဘွားပိုင်မြေ ၅၀၀၀ ဧကအား သိမ်းဆည်းခဲ့သည်။ ထို့အပြင် (ခမရ) အမှတ်(၁၀၄) မှ သံတောင်ကြီးဒေသရှိ မြေ ၁၅၀၀ ဧကကို သိမ်းဆည်းခဲ့သည့်အပြင် ခြေမြန်တပ်မ (တမ) အမှတ်(၁၀၆) နှင့် (ခလရ) အမှတ်(၇၃) တို့မှလည်း လိပ်သိုဒေသရှိ မြေ ၃၀၀၀ ဧကအား သိမ်းဆည်းခဲ့သည်။ ထိုမြေများကိုသိမ်းဆည်းရာတွင် မြေပိုင်ရှင်ရွာသားများအား ကြိုတင်အသိပေးအကြောင်းကြားမှုမရှိခြင်း (သို့မဟုတ်) မြေပိုင်ရှင်များ၏ သဘောတူညီမှုကိုရယူခြင်းမရှိပဲ တပ်မတော်မှ ထိုမြေများကိုသိမ်းဆည်းခဲ့သည်။ သို့သော် မြေယာ နှင့်ပတ်သက်၍ ရွာသားများက ၎င်းတို့အပေါ်ကျရောက်လာနိုင်မည့်အသက်မွေးဝမ်းကျောင်းဆိုင်ရာခြိမ်းခြောက်မှု များကိုခုခံတွန်းလှန်ရန်ခေါင်းညိတ်ခံပြီး လှုပ်ရှားမှုမပြုလုပ်ပဲမနေခဲ့ပါ။ ရွာသားများသည် မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို အသေးစိတ်ကျကျနားလည်သဘောပေါက်အောင်လေ့လာကြပြီး အချို့ မှာမူ တပ်မတော်စစ်သားများနှင့်ထိပ်တိုက်ရင်ဆိုင်ပြီး ဤမြေယာသိမ်းဆည်းမှုသည် မြို့နယ်အုပ်ချုပ်ရေးမှူးများက

အခွင့်ပေးခဲ့သလားဟု၎င်းတို့သိရှိခွင့်ရရှိရန် တပ်မတော်စစ်သားများကို ကိုယ်တိုင်ကိုယ်ကျမေးမြန်းခဲ့ကြသည်။ စောဘ--- ၏အဆိုအရ-

*"၂၀၁၆ ခုနှစ်မှာ တပ်မတော်က မြေတွေကိုသိမ်းပြီးတော့ ကျွန်တော်တို့ကကျူးကျော်တယ်ဆိုပြီး ရွာသားတွေကို ပြောတယ်။ အဲ့ဒီလိုပြောတော့ ရွာသားတွေကစိတ်ဓာတ်အရမ်းကျပြီး စိတ်ထိခိုက်ကြတယ်။ အခုဆိုရင် ရွာသားတွေ ကထိုက်တန်တဲ့လျော်ကြေးငွေပြန်ရဖို့နဲ့ ဒီစိတ်ဓာတ်ကျတာတွေပျောက်ကင်းဖို့ အဖွဲ့အစည်းတော်တော်များများနဲ့ တွေ့ဆုံဆွေးနွေးဖို့ကြိုးစားနေကြတယ်။ အဖွဲ့အစည်းတော်တော်များများနဲ့တွေ့တဲ့ချိန်မှာ သူတို့ကနေပြီးတော့အားပေး မှုတွေရလိုက်တဲ့အချိန်မှာ အရမ်းပဲပျော်ခဲ့ရပါတယ်။"*

ရွာသားများ၏မကျေနပ်မှုများကိုတုံ့ပြန်ရာမှာ တပ်မတော်မှ မြေပိုင်ရှင်လက်ထဲတွင်ရှိသည့် မြေယာဂရမ် (မြေယာလုပ်စားပိုင်ခွင့်အထောက်အထား) သည် တရားမဝင်ဟုဆိုကာ ရွာသားများကိုအဆိုပါသိမ်းဆည်းမြေပေါ်တွင် လုပ်စားပိုင်ခွင့်မရှိကြောင်းနှင့် ရွာသားများကပိုင်ဆိုင်ခွင့်မရှိကြောင်း အကြောင်းပြခဲ့သည်။ သို့ဖြစ်၍ ရွာသားများကမြေယာပုံစံ (၇)[3] အားတောင်းခံရန်အတွက် ၎င်းတို့၏မြေများကို ကြိုးစားတိုင်းထွာခဲ့ကြသည့်အခါ မြန်မာအစိုးရမြေတိုင်းစာရင်းဌာနမှ မြေများကိုတိုင်းထွာရန်ငြင်းဆိုခဲ့ပြီး တောင်းဆိုထားသည့်မြေများသည်ကျူးကျော်မြေဖြစ်သည့်အတွက် မြေယာပုံစံ (၇) အားလုပ်ယူရန် မရနိုင်တော့ကြောင်းကို မြေတိုင်းစာရင်းမှပြောကြားခဲ့သည်။

ဤအတားအဆီးများကိုကြုံရပြီးနောက် ရွာသားများသည် တရားဝင်မြေယာအထောက်အထားများကို လုပ်ယူရန်သော်လည်းကောင်း၊ မြေများအားပြန်လည်ရယူရန်သော်လည်းကောင်း (သို့မဟုတ်) အနိမ့်ဆုံးအားဖြင့် လျော်ကြေးငွေများရရှိရန် မြေယာနှင့်သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် ကြိုးစားတွေ့ဆုံပြီး အကူအညီတောင်းခံကြသည်။ ရွာသားများ သည် အစိုးရဖွံ့ဖြိုးရေးဌာနမှ ရုံးလုပ်သားများနှင့်လည်းတွေ့ဆုံပြီး မြေယာသိမ်းဆည်းမှုနှင့်ပတ်သက်၍ ကြားဝင်ညှိနှိုင်း ပေးရန် ရွာသားများကတောင်းဆိုခဲ့ကြသည်။ စောဘ--- ၏အဆိုအရ-

*"ကျွန်တော်တို့ ဦးမိုးမခ နဲ့သွားတွေ့ပြီး ရွာသားတွေရဲ့အခြေအနေကို လေ့လာခိုင်းတယ်။ ပြီးတော့ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်တဲ့သူတွေဆီကို ဖုန်းဆက်ခိုင်းတယ်။ သူတို့ [မြန်မာအစိုးရဖွံ့ဖြိုးရေးရုံး]က ဒီကိုလာတဲ့အခါမှာ ကျွန်တော်တို့ကဖြစ်စဉ်နဲ့ပတ်သက်ပြီး သူတို့ကိုပြောပြပြီး ကျွန်တော်တို့အတွက် ဒီပြဿနာကိုကိုင်တွယ်ဖြေရှင်းပေးဖို့ တောင်းဆိုခဲ့တယ်။ (ခမရ) [တပ်မှူး] နဲ့ (ခရက) [ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး] တို့က မှန်ကန်တဲ့လမ်းကို မလုပ်ကြဘူး။"*

၂၀၁၂ ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေးမတိုင်မီ ရွာသားများအသုံးပြုခဲ့သည့် တုန့်ပြန်မှုနည်းလမ်းများနှင့်နှိုင်းယှဉ်ကြည့်လိုက်ပါက ယခင်တွင်ရွာသားများသည် ဆိုးကျိုးသက်ရောက်မှုရှိသည့် တပ်မတော်၏အကြမ်းဖက်ချိုးဖောက်မှုကို များသောအားဖြင့် ရှောင်ရှားခဲ့သည်ရှိလင့်ကစား ၂၀၁၆ ခုနှစ် တောင်ငူခရိုင်တွင် အသုံးပြုသည့်တုန့်ပြန်မှုသည် တပ်မတော်နှင့်ထိပ်တိုက်ရင်ဆိုင်သည့်နည်းလမ်းများကို ပို၍အသုံးပြုလာကြသည်ကို တွေ့ရသည်။ ဤရွာသားများ၏ တုန့်ပြန်မှုနည်းလမ်းပြောင်းလဲလာရခြင်းသည် ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် ရွာသားများ၏တုန့်ပြန်မှု (သို့မဟုတ်) ညှိနှိုင်းဆွေးနွေးမှုများအား အားနည်းစေရန် ကြိုးစားလုပ်ဆောင်သည့် တပ်မတော်၏လုပ်ရပ်များကို ရွာသားများက ပြန်လည်တုန့်ပြန်လိုခြင်းဖြစ်သည်ဟု သိနိုင်ပါသည်။ ဥပမာ တပ်မတော်မှ ရွာသားများကို ကျေးရွာအုပ်စုမှူးနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အစိုးရအရာရှိပုဂ္ဂိုလ်များနှင့်သာ ဆက်သွယ်ပြောဆိုခိုင်းသည်။

[3] မြေယာပုံစံ(၇) သည် မြေယာတစ်နေရာတွင် အထူးအလုပ်လုပ်စားပိုင်ခွင့်ရရှိရန်အတွက် လိုအပ်သည့်မြေယာလုပ်စားပိုင်ခွင့် (မြေယာဂရမ်) အထောက်အထားတစ်ခုဖြစ်သည်။ မြန်မာပြည်တွင် မြေများအားလုံးကို နိုင်ငံတော်အစိုးရမှပိုင်ဆိုင်သည်ဟု ပြဌာန်းထားသည်။





ဤဓာတ်ပုံများကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် တောင်ငူခရိုင်တွင် ရိုက်ယူခဲ့သည်။ ဖော်ပြပါပုံသည် တပ်မတော်မှ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ကနဦးစိုက်ထူထားသည့်ဆိုင်းဘုတ်နှင့် ကျောက်တိုင်အမှတ်သားမပါရှိသော အချက်အလက်များကို ရွာသားများမှဖယ်ရှားခဲ့ခြင်းကြောင့် ဒုတိယအကြိမ်ပြန်စိုက်ထူထားသည့် ဆိုင်းဘုတ်နှင့်ကျောက်တိုင်အမှတ်အသားအား ဖော်ပြခြင်းဖြစ်သည်။ ဤဆိုင်းဘုတ်နှင့် ကျောက်တိုင်အမှတ်အသားများကို ဘုရင့်နောင်စစ်လေ့ကျင့်ရေးနယ်မြေတစ်ခွင် စိုက်ထူထားခြင်းဖြစ်ပြီး ထိုဆိုင်းဘုတ်ပေါ်တွင် မည်သူမျှမကျူးကျော်ရဟူ၍ ထုတ်ပြန်ကြေညာထားသည်။ မ---၊ န---၊ ဝ---၊ ပ--- နှင့် ခ--- ရွာတို့တွင် နေထိုင်သည့်ရွာသားများသည် ၎င်းတို့၏မြေများကို ၂၀၀၀ ခုနှစ်ကတည်းကပင် အသိမ်းဆည်းခံထားရသော်လည်း တပ်မတော်မှ ထိုမြေများအား ယခင်ကတည်းကပင်သိမ်းဆည်းထားပြီးဖြစ်ကြောင်း ရွာသားများကို ၂၀၁၆ ခုနှစ်၌သာ တရားဝင်အသိပေးခဲ့သည်။ ဆိုင်းဘုတ်ပေါ်တွင် ၁၅၂၁ ဧက ရှိသောမြေကို စစ်ရေးလေ့ကျင့်မှုသင်တန်းနယ်မြေအဖြစ် အသုံးပြုမည်ဟုဖော်ပြထားပြီး ကျောက်တိုင်အမှတ်အသားများသည် ထိုမြေများမှာ တပ်မတော်ပိုင်မြေဖြစ်ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ *(ဓာတ်ပုံ- KHRG)*

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံဖြစ်သော (ခမရ) အမှတ်(၆၀၃)၏ မြေယာသိမ်းဆည်းမှု သီးခြားဖြစ်ရပ်တစ်ခုမှာ ရွာသား ၂၇ ဦး၏ မြေများအသိမ်းဆည်းခံရခြင်းဖြစ်သည်။ ဤမြေယာသိမ်းဆည်းမှုဖြစ်ပေါ်ပြီးနောက် ရွာသားများသည် လိပ်သိုမြို့တွင်ရှိသောအထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ဆင့်ခေါ်ခြင်းခံရပြီး ၎င်းတို့ကို (ခမရ) အမှတ် (၆၀၃) မှ လျော်ကြေးငွေအဖြစ် မြေတစ်ဧကအား ၆၀၀၀၀၀ ကျပ်ပေးဆောင်သွားမည်ဟု ပြောသည်။ ရွာသား ၂၇ ဦးအနက် ၉ ဦးသာ ထိုကမ်းလှမ်းမှုကိုလက်ခံခဲ့ပြီး ကျန်ရှိသောရွာသား ၁၈ ဦးသည် လျော်ကြေးကမ်းလှမ်းမှုကို လက်မခံခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ အခြေခံလိုအပ်ချက်များနှင့် ဘဝရပ်တည်ရှင်သန်နိုင်ဖို့ အလို့ငှာ

ရွာသားများသည် ၎င်းတို့၏မြေများကို တပ်မတော်လက်ထဲမှပြန်လည်ရယူလိုသောကြောင့်ဖြစ်သည်။ မြေယာပြဿနာကြောင့် နစ်နာဆုံးရှုံးသူများသည် များသောအားဖြင့် နစ်နာကြေးကိုလက်မခံကြပါ။ အဘယ်ကြောင့်ဆိုသော် မြေသည် ၎င်းတို့၏မိသားစုစားဝတ်နေရေးဖူလုံမှုအတွက် အရေးပါအရာရောက်သည့် အရာတစ်ခုဖြစ်သည်။ KHRG အဖွဲ့ဝင်တစ်ဦး၏ သုံးသပ်တင်ပြချက်အရ-

*"ဒါနဲ့ လူကိုးယောက် [လယ်သမား] က လိပ်သိုမြို့ ခန်းမဆောင်ကိုသွားပြီးတော့ နစ်နာကြေးသွားယူခဲ့တယ်။ ကျန်တဲ့လူ [လယ်သမား] တွေက အဲ့ဒီ ငွေ ၆၀၀၀၀၀ ကျပ်ကို လက်မခံကြဘူး။ အဲ့ဒီအစား သူတို့ [လယ်သမား] တွေက သူတို့တွေရဲ့ ဆုံးရှုံးသွားတဲ့မြေတွေကို ပြန်လည်ရရှိဖို့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ကိုယ်စားလှယ်၊ မြေယာအကျိုးဆောင်မှုအဖွဲ့အစည်းတွေ၊ အခြားအသင်းအဖွဲ့တွေနဲ့တွဲပြီး အတူတကွလုပ်ဆောင်ကြတယ်။"*

ထို့အပြင် နယ်မြေခံမြန်မာအစိုးရသစ်တောဦးစီးဌာနမှ သံတောင်ကြီးမြို့နယ်၊ စပင်ကြီးကျေးရွာအုပ်စုတွင်ရှိသော ရွာသားများ၏မြေဧက ၃၀၀၀၀၀ ကိုတိုင်းထွာပြီး ဇီးဖြူတောသစ်တောကြိုးဝိုင်းအဖြစ်ထားရှိရန် သိမ်းယူသည့်ကိစ္စနှင့် ပတ်သက်၍ KHRG မှ အစီရင်ခံစာထုတ်ပြန်ခဲ့သည်။ ဤမြေများကို ဒေသခံလူမှုအသိုက်အဝန်းများက လယ်ယာနှင့် ဥယာဉ်ခြံစိုက်ပျိုးရေးအတွက် သမိုင်းနှင့်ချီ၍အသုံးပြုခဲ့ကြသည်။ ၎င်းတို့၏မြေများကိုပြန်လည်ရရှိရန်အတွက် ရွာသားများသည် မြန်မာအစိုးရသစ်တောဦးစီးဌာနထံသို့ ဤကိစ္စနှင့်ပတ်သက်၍တင်ပြခဲ့ကြသော်လည်း ပြန်လည်ဖြေကြားမှု (သို့မဟုတ်) အရေးယူဆောင်ရွက်မှုတစုံတရာမျှမရှိခဲ့ချေ။

## ကုမ္ပဏီမှ မြေယာသိမ်းဆည်းခြင်းနှင့် ရွာသားများ၏တုန့်ပြန်လုပ်ဆောင်မှု

တောင်ငူခရိုင်အတွင်း မြေယာသိမ်းဆည်းသည့် ကုမ္ပဏီများမှာ ကောင်းမြန်မာအောင်ကုမ္ပဏီ (KMAC)[4] အပါအဝင် အေးရှားဝေါ(လ်) (Asia World)[5] နှင့် ရွှေစွမ်းအင်ကုမ္ပဏီ များပါဝင်ပါသည်။ ဤဖော်ပြပါကုမ္ပဏီများသည် ရွာသားများ၏မြေများကို အတင်းအဓမ္မသိမ်းယူကာ ကျွန်းပင်စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေကာတာတည်ဆောက်ရေးစီမံကိန်းများကဲ့သို့ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို လုပ်ဆောင်ကြသည်။ ကုမ္ပဏီများမှ ၎င်းတို့၏စီမံကိန်းများအား

စတင်မဖော်ဆောင်မီနှင့် ရွာသားများ၏ကောက်ပဲသီးနှံများနှင့် မြေများအားမဖျက်ဆီးမီ ရွာသားတို့နှင့်လာရောက်တွေ့ဆုံပြီး ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများနှင့် ရွာသားများ၏သဘောတူညီချက်များအား တစုံတရာတောင်းခံခြင်းမရှိခဲ့ပေ။ ရွာသားမြောက်များစွာသည် ၎င်းတို့၏မြေပေါ်အလုပ်လုပ်ကိုင်ရာမှ ရပ်တန့်ရန်အမိန့်ပေးခံရခြင်းနှင့် ကုမ္ပဏီ၏တရားစွဲဆိုခြင်းကိုပါခံခဲ့ကြရသည်။

## ကောင်းမြန်မာအောင်ကုမ္ပဏီ၏ နောက်ခံသမိုင်းကြောင်း

၂၀၀၉ ခုနှစ် မှစ၍ စီဘီဘဏ် (CB Bank) ဥက္ကဌ တစ်ဦးဖြစ်သည့် ကောင်းမြန်မာအောင်ကုမ္ပဏီ (KMAC) ပိုင်ရှင် ဦးခင်မောင်အေးသည် ၂၄၀၀ ဧကရှိသောမြေအကျယ်အဝန်းကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် လျှောက်ထားနိုင်ခဲ့ပြီး ကျွန်းပင်စိုက်ပျိုးရေးစီမံကိန်းအား လေးနှစ်အတွင်း အကောင်ထည်ဖော်ဆောင်ရန်အတွက် ထိုမြေများအားအ

[4] ကောင်းမြန်မာအောင်ကုမ္ပဏီ (KMAC) သို့မဟုတ် ကောင်းမြန်မာအောင်ကုမ္ပဏီများအဖွဲ့သည် တောင်ငူခရိုင်တွင် ကျွန်းစိုက်ခင်းများ၊ မြန်မာပြည်အတွင်း မိုင်းတူးဖော်ခြင်း၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆောက်လုပ်ရေး နှင့် အိမ်ရာမြေယာများဖော်ဆောင်ရေး အစရှိသည့် လုပ်ငန်းများတွင် ရင်းနှီးမြုပ်နှံမှုများရှိသည့် မြန်မာနိုင်ငံပြည်တွင်းပိုင် စီးပွားရေးအဖွဲ့ဖြစ်ပါသည်။ ၎င်းတို့၏ ဥက္ကဌမှာ ဦးခင်မောင်အေး ဖြစ်ပါသည်။ KMAC သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မြေယာသိမ်းဆည်းခြင်းကိစ္စများတွင် ပါဝင်ပတ်သက်နေပြီး မိရိုးဖလာမြေယာပိုင်ဆိုင်သူများဖြစ်သည့် ရွာသားများအပေါ် ခြိမ်းခြောက်ခြင်းကိစ္စရပ်များပါဝင်နေပါသည်။

[5] မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ရွှေစွမ်းအင်ကုမ္ပဏီဟုလူသိများသည့် အေးရှားဝေါလ်ကုမ္ပဏီသည် မြန်မာပြည်တွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် သိသာထင်ရှားသောရင်းနှီးမြုပ်နှံမှုများရှိသည့် ပြည်တွင်းမြန်မာကုမ္ပဏီတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသား စတီဗင်လော ပိုင်ဆိုင်သည့် အေးရှားဝေါလ်နှင့် ၎င်း၏အခြားဆက်စပ်ကုမ္ပဏီများသည် ၎င်းတို့၏မြန်မာစစ်အစိုးရနှင့်သမိုင်းနှင့်ချီ၍ အစဉ်တစိုက်ဖြစ်နေသော အဆက်အစပ်များကြောင့် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် အမေရိကန်၏စီးပွားရေးပိတ်ဆို့ခံရသူများစာရင်းတွင် ထည့်သွင်းခြင်းကိုခံရပါသည်။

သုံးပြုခွင့်ရရန် မြန်မာအစိုးရမှခွင့်ပြုချက်ပေးခဲ့သည်။[6] သို့သော် ထိုလေးနှစ်အတွင်း ကောင်းမြန်မာအောင်ကုမ္ပဏီမှ မြေ ၃၇၀ ဧကသာ လုပ်ဆောင်နိုင်ခဲ့သည်။

နဂါးမောက်ကျေးရွာအုပ်စုနှင့် ဆင်ဖြူတောင်ကျေးရွာအုပ်စုတွင်နေထိုင်သည့် ဒေသခံရွာသားများ၏ တင်ပြချက်အရ ယင်းမြေ ၂၄၀၀ ဧကအတွင်း ကောင်းမြန်မာအောင်ကုမ္ပဏီအား ကျွန်းပင်စိုက်သည့် စီးပွားရေးလုပ်ငန်းကို အကောင်အထည်ဖော်ရန် မြန်မာအစိုးရမှသဘောတူထားသော်လည်း အမှန်တွင် အဆိုပါမြေအတွင်း ရွာသားများက အသက်မွေးဝမ်းကျောင်းပြုမှုအတွက် လက်ရှိတွင် လုပ်ကိုင်နေကြသည်သာမက ယခင်၎င်းတို့၏ဘိုးဘွားဘီဘင်လက်ထက်ကတည်းကပင် သားစဉ်မြေးဆက်လုပ်ကိုင်စားသောက်လာကြသူများ ဖြစ်ကြသည်ဟုဆိုသည်။ မြန်မာအစိုးရနှင့် ကောင်းမြန်မာအောင်ကုမ္ပဏီအကြား သဘောတူစာချုပ်အရ ဤမြေသည်အသုံးမပြုသောမြေဟုဆိုကာ စီးပွားရေးလုပ်ငန်းဆိုင်ရာရည်ရွယ်ချက်အတွက်သာလျာထားခြင်းဖြစ်သည်ဟု စာချုပ်တွင်ပါရှိသောကြောင့် ဒေသခံရွာသားများ၏အသက်မွေးဝမ်းကျောင်းပြုရေးအတွက် ကြီးမားသောစိန်ခေါ်မှုများ ဖြစ်ပေါ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် ရွာသားများသည် ၎င်းတို့၏မြေများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာအသက်မွေးဂမ်းကျောင်းအခွင့်အရေးများကို နှစ်နာဆုံးရှုံးရခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက်နေ့ နှင့် ၂၈ ရက်တို့တွင် အစိုးရမြေစာရင်းဌာနမှ မြေများလာရောက်တိုင်းတာသူများထဲတွင် ပါဝင်ခဲ့သည့်ဒေသခံများ၏အဆိုအရ နဂါးမောက်ဒေသအတွင်းရှိ ဧက ၃၀၀၀ ရှိသောမြေယာအကျယ်အဝန်းကို ကောင်းမြန်မာအောင်ကုမ္ပဏီမှ ထပ်မံသိမ်းယူခဲ့သည်။

သိမ်းဆည်းမြေများအားပြန်လည်တောင်းဆိုရာတွင် ရွာသားများကြိုးစား၍ စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ခြင်း (သို့မဟုတ်) ရွာသားများအားလုံး တစ်စုတစ်ဝေးဖြင့်လုပ်ဆောင်ခြင်းနှင့် အချို့ရွာသားများမှာ တစ်သီးပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် ကုမ္ပဏီအလုပ်သမားဝန်ထမ်းများကိုသော်လည်းကောင်း၊ ရဲအရာရှိများကိုသော်လည်းကောင်း၊ လုံခြုံရေးအစောင့်များကိုသော်လည်းကောင်း တိုက်ရိုက်တွေ့ဆုံမှုများလည်း ရှိကြသည်။ အမှန်စင်စစ်တွင်မူ ရွာသားများသည် ကောင်းမြန်မာအောင်ကုမ္ပဏီကို ကြီးမားသောဆန္ဒပြကန့်ကွက်မှုနှစ်ကြိမ် ပြုလုပ်ခဲ့သည်။ ယင်းဆန္ဒပြမှုတွင် ကောင်းမြန်မာအောင်ကုမ္ပဏီမှ သိမ်းယူထားသောမြေများအား ရွာသားများ၏လက်ထဲသို့ပြန်အပ်နှံသင့်သည်ဟု ကြွေးကြော်ခဲ့သည်။ အဆိုပါဆန္ဒပြပွဲနှစ်ခုကို မြေယာသိမ်းဆည်းခြင်းခံထားရသည့်ရွာသားများက ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့နှင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင်ပြုလုပ်ခဲ့ပြီး ထိုဆန္ဒပြပွဲတွင် လူဦးရေစုစုပေါင်း ၂၈၀ ဦး ပါဝင်ခဲ့သည်။ မြေယာသိမ်းဆည်းခြင်းခံထားရသည့်ရွာသားများသည် မြေယာပြန်လည်ရရှိရန်နှင့် သင့်တင့်မျှတသောနစ်နာကြေးရရှိရန် လုပ်ဆောင်သည့် ၎င်းတို့၏ကြိုးစားအားထုတ်မှုများကို ထောက်ခံကူညီပေးမည့်အဖွဲ့အစည်းသော်လည်းကောင်း၊ ပြင်ပလူမှုအသိုက်အဝန်းများသော်လည်းကောင်း စသည့်ကျယ်ပြန့်သောကွန်ယက်တစ်ခုကိုတည်ဆောက်ရန် ရွာသားများက ကြိုးစားလုပ်ဆောင်ကြသည်။

[6] ဤချိုးဖောက်မှုကိုကျူးလွန်သူသည် မြန်မာအစိုးရ၏ဥပဒေများထဲမှာမှ ပါရှိသောဥပဒေတစ်ခုဖြစ်သည့် ရွာသားများမှ ပုဂ္ဂလိကပိုင်ဆိုင်မှုအဖြစ်သို့ ပြောင်းလဲခွင့်ပြုသည့်ဥပဒေတစ်ခုကို ထောက်ပြခဲ့သည်။ Wasteland Instructions Law (၁၉၉၁)သည် ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုနှစ်ခုလုံး၏ အကြီးစားစီးပွားရေးလုပ်ဆောင်မှုအတွက် "စွန့်ပစ်မြေ" (သို့မဟုတ် "မြေလွတ်၊ မြေလပ်၊ မြေရိုင်း") များအဖြစ် ပြုလုပ်ပေးနိုင်သည့် ဥပဒေတစ်ရပ်ဖြစ်သည်။ ဤလုပ်ထုံးလုပ်နည်းအား မကြာမီကပင် (၂၀၁၂) မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေမှ ပြန်လည်အတည်ပြုခဲ့သည်။ KNU နှင့် မြန်မာအစိုးရအကြား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ပဏာမအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခဲ့ပြီးသည့်အချိန်မှစ၍ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများ ပိုမိုများပြားလာသည်နှင့်အမျှ "ထွန်ယက်မှုမရှိသည့်မြေယာ" သို့မဟုတ် "အသုံးမပြုသည့်မြေယာ" သိမ်းဆည်းမှုများနှင့်ပတ်သက်သည့်တိုင်ကြားမှုများကို KHRGမှ ပိုမိုလက်ခံရရှိခဲ့သည်။

## ရွာသားများ၏ တုန့်ပြန်လုပ်ဆောင်မှုအပေါ် ကျူးလွန်သူများ၏ တန်ပြန်တုန့်ပြန်ချက်

မြေယာသိမ်းဆည်းမှုအား ကန့်ကွက်သည့်ရွာသားများ၏ တုန့်ပြန်လုပ်ဆောင်မှုအပေါ် ကောင်းမြန်မာအောင်ကုမ္ပဏီမှ ဆန္ဒပြကန့်ကွက်သူများအား ဖမ်းဆီးအရေးယူခြင်းနှင့် ရွာသားများအားတရားရုံးတွင်ဆွဲချက်တင်ခြင်းတို့ကို ပြန်လည်တုန့်ပြန်မှုအနေဖြင့် ကုမ္ပဏီမှလုပ်ဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဇန်နဂါရီလ ၁၂ ရက်နေ့ ကောင်းမြန်မာအောင်ကုမ္ပဏီ ဆန့်ကျင်ဆန္ဒပြပွဲတွင် အဓိကဦးစီးဦးဆောင်ပါဝင်ခဲ့သူတစ်ဦးဖြစ်သည့် စောဆ---သည် အဆိုပါဆန္ဒပြပွဲတွင် အသံချဲ့စက်အသုံးပြုခဲ့သည့်အတွက် ငြိမ်းစုစည်းဥပဒေအား ချိုးဖောက်ရာရောက်သည်ဟုဆိုကာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ KHRG နှင့် တွေ့ဆုံမေးမြန်းခန်း (အင်တာဗျူး) ပြုလုပ်ခဲ့ရာမှာ စောဆ--- မှ သူ့အားဖမ်းဆီးခဲ့သည့်ရည်ရွယ်ချက်သည် အသံချဲ့စက်အသုံးပြုမှုကိုအခြေခံ၍ ဖမ်းဆီးခဲ့ခြင်းမဟုတ်ဘဲ ဆန္ဒပြပွဲဖြစ်မြောက်ရေးတွင် ပါဝင်စည်းရုံးလုပ်ဆောင်ခဲ့သည့်အတွက်ပစ်မှတ်ထား၍ ဖမ်းဆီးခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ မည်သို့ပင်ဆိုစေ ရွာသားများသည် မိမိတို့၏ဘိုးဘွားပိုင်မြေအားပြန်လည်ရရှိမည့် အခွင့်အရေးကိုရယူရန် အပြည့်အဝဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ပြီး မိမိတို့၏ပန်းတိုင်ကိုရောက်ရှိအောင် နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်အသုံးပြုသွားမည်ဖြစ်သည်။ စောဆ--- ၏အဆိုအရ-

*"ဒီ [မြေယာသိမ်းဆည်းတဲ့] အမှုနဲ့ပတ်သက်လို့ ကျွန်တော် သုံးနှစ်နီးပါးတောင်ဒုက္ခရောက်ခဲ့ရတယ်။ ကျွန်တော့်ရဲ့ စားဝတ်နေရေးဖူလုံဖို့အတွက် ကျွန်တော်လုပ်တယ်၊ ဒါပေမဲ့မအောင်မြင်သေးဘူး။ ဘာပဲဖြစ်ဖြစ် ကိစ္စမရှိဘူး။ ဒီ [မြေယာသိမ်းဆည်းတဲ့]ဟာနဲ့ပတ်သက်လို့ ကျွန်တော်ဆက်ပြီးတော့ တိုက်ပွဲဝင်သွားမယ်။ ဒီလိုလုပ်တာဟာ ကျွန်တော့်ရဲ့ကိုယ်ကျိုးတစ်ယောက်တည်းအတွက်မဟုတ်ဘူး။ [မြေအသိမ်းဆည်းခံထားရတဲ့ရွာသား] အားလုံးအတွက်ကျွန်တော်လုပ်တာပါ။ ကျွန်တော်ထောင်ကျရင်ကျပါစေ၊ ချုပ်နှောင်ရင်လည်း ချုပ်နှောင်ထားပါစေ၊ ဒါမှမဟုတ် သတ်ဖို့အမိန့်ကျလာရင်တောင် ဒီအမှုကိုရင်ဆိုင်ဖို့အဆင်သင့်ပဲ။... [ဒီမြေယာသိမ်းဆည်းမှုဟာ] ကျွန်တော့်အပေါ် တစ်ယောက်တည်းသက်ရောက်စေတာမဟုတ်ဘူး။ စားဝတ်နေရေးဖူလုံဖို့နဲ့ ကျွန်တော်တို့ရဲ့ကလေးတွေကျောင်းထားနိုင်ဖို့ ဒီမြေကိုအမှီသဟဲပြုပြီး လုပ်ကိုင်စားသောက်နေတဲ့တောင်သူလယ်သမားတွေရဲ့အားလုံးအပေါ်မှာ သက်ရောက်စေတယ်။ ဒ့ါကြောင့် ကျွန်တော်တို့လယ်သမားတွေ ကျွန်တော်တို့ရဲ့မြေတွေပြန်ရတဲ့အထိ အတူတကွ တိုက်ပွဲဝင်သွားမယ်။"*











အပေါ်ပိုင်းရှိ လက်ဝဲဘက်ပုံကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက် တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်၊ ဒိုသောင်းကျေးရွာအုပ်စုတွင် ရိုက်ယူခဲ့သည်။ ဖော်ပြပါပုံသည် ကောင်းမြန်မာအောင်ကုမ္ပဏီမှ အကြီးစားစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအား ဖော်ဆောင်ရန်အတွက် မြေအသုံးပြုရန်တောင်းဆိုမှုကို မြန်မာအစိုးရမှခွင့်ပြုချက်ပေးထားသည့်မြေပုံအား ဖော်ပြထားခြင်းဖြစ်သည်။ သို့သော် ယင်းသိမ်းဆည်းမြေသည် ယခင်ကရွာသားများ၏ ယာခင်းများဖြစ်ကြသည်။ အပေါ်ပိုင်းရှိ လက်ယာဘက်ပုံကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် အောင်ကုန်းအရပ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်ပြီး အောက်ပိုင်းလက်ဝဲဘက်တွင်ရှိသော သုံးပုံမြောက်ဓာတ်ပုံနှင့် အောက်ပိုင်းလက်ယာဘက်တွင်ရှိသော လေးပုံမြောက်ဓာတ်ပုံကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် ထန်းတစ်ပင်မြို့နယ်တွင် ရိုက်ယူခဲ့သည်။ ဤပုံများသည် ကောင်းမြန်မာအောင်ကုမ္ပဏီမှ ၎င်းတို့၏စိုက်ခင်းဧရိယာထဲတွင် မီးရှို့ခြင်း၊ ဝင်ရောက်ကျူးကျော်ခြင်း၊ (သို့မဟုတ်) ကျွဲနွားများအစာစားရန်အတွက်ပေးဝင်ခြင်း စသည်တို့ကိုမပြုရန် ရွာသားများကို တားမြစ်ထားသည့်ပုံဖြစ်သည်။ ထို့အပြင် ကောင်းမြန်မာအောင်ကုမ္ပဏီပိုင်သည့်မြေထဲတွင် အကယ်၍ နွားများ၊ ကျွဲများ၊ (သို့မဟုတ်) လာရောက်မီးရှို့သည့်သူများကိုတွေ့ရှိပါက ကောင်းမြန်မာအောင်ကုမ္ပဏီမှ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ တရားဝင်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆိုင်းဘုတ်ထဲတွင်ဖော်ပြထားသည်။ *(ဓာတ်ပုံ - KHRG)*

ကုမ္ပဏီဝန်ထမ်းများသည် ရွာသားများ၏ခွင့်ပြုချက်ကို ဦးစွာရယူခြင်းမရှိပဲ ရွာသားများ၏ပုံနှင့်အိမ်များကို ဓာတ်ပုံရိုက်ခဲ့ခြင်းကြောင့် ကောင်းမြန်မာအောင်ကုမ္ပဏီဝန်ထမ်းများနှင့်ရွာသားများအကြား တင်းမာမှုပိုမိုမြင့်တက်လာခဲ့သည်။ အခြားရွာသူတစ်ဦးဖြစ်သော ဒေါ်ဒ--- ၏အဆိုအရ-

*"ဟို့အရင်ကတည်းက ဒီမြေကိုကျွန်မတို့ပိုင်ထားတာ။ ကျွန်မတို့ ဒီမြေပေါ်မှာပဲနဲ့စပါးတွေကိုလည်း စိုက်ထားတယ်။ ဒါပေမဲ့ သူတို့တွေက ပဲနဲ့စပါးတွေကိုဖျက်ဆီးပစ်လိုက်ပြီးတော့ ကျွန်းပင်တွေစိုက်လိုက်တယ်။ ဒီ့ထက်မက ကောင်းမြန်မာအောင်ကုမ္ပဏီကဝန်ထမ်း (၃)ယောက်က ကျွန်မကိုဓာတ်ပုံရိုက်တော့ ကျွန်မက 'ဘာ့ကြောင့် ကျွန်မကိုဓာတ်ပုံရိုက်လဲ' လို့မေးတော့ ဒါနဲ့သူတို့က 'ငါတို့ဒီလိုပဲဓာတ်ပုံလာရိုက်တာ' လို့ကျွန်မကိုပြန်ဖြေခဲ့တယ်။"*

မြေယာသိမ်းဆည်းမှုအပေါ် ရွာသားများ၏ကန့်ကွက်ရှုံ့ချခြင်းမှကာကွယ်ရန် ကောင်းမြန်မာအောင်ကုမ္ပဏီမှ ဥပဒေဆိုင်ရာနည်းလမ်းများနှင့်တရားစွဲဆိုမှုများကိုလုပ်ဆောင်ကြပြီး မြေပိုင်ရှင်များအား အတင်းအကြပ်နေရပ်ရွှေ့ပြောင်းနေထိုင်ရန်ဖိအားပေးခြင်းနှင့် (သို့မဟုတ်) မြေယာအတွက်ပေးဆောင်သောနစ်နာကြေးအား ရွာသားများအားလက်ခံစေခြင်းစသည့်နည်းလမ်းအသီးသီးဖြင့် ကုမ္ပဏီမှလုပ်ဆောင်ခဲ့သည်။ ယခုလက်ရှိမြေယာအမှုဖြင့် တရားရုံးတွင် တရားစွဲခံထားရသည့်ရွာသားတစ်ဦးမှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် KHRG သတင်းမှတ်တမ်းပြုစုသူတစ်ဦးထံသို့ ကုမ္ပဏီပိုင်မြေအတွင်း ဝင်ရောက်ကျူးကျော်မှုဖြင့် ရွာသား ၁၂ ဦးအား ကောင်းမြန်မာအောင်ကုမ္ပဏီမှ တရားစွဲဆိုထားသည့်အမှုနှင့်ပတ်သက်၍ တင်ပြခဲ့သည်။ ဤအမှုများကို တရားရုံး၌ရင်ဆိုင်ရာတွင် ရွာသားများက

ခိုင်လုံသောသက်သေအထောက်အထားနှင့်အသေးစိတ်ဖြင့် တင်ပြနိုင်ခဲ့သော်ငြားလည်း ၎င်းတို့အမှုအတွက် အမှန်တကယ် အထောက်အပံ့ဖြစ်စေမည့်ရှေ့နေကိုငှားရန် ငွေကြေးမတတ်နိုင်ကြသဖြင့် ထိုအမှုများအားရင်ဆိုင်ရာတွင် အတားအဆီးများနှင့်စိန်ခေါ်မှုများစွာကို ကြုံတွေ့ကြရသည်။ သို့ဖြစ်၍ ရွာသားများက ၎င်းတို့၏ရင်ဆိုင်ရသည့်အမှုသည် မျှတမှုမရှိသည့်အပြင် ယခုလက်ရှိတရားစီရင်ရေးစနစ်သည်လည်း တရားမျှတသည့်တရားစီရင်ရေးစနစ်မဟုတ်ကြောင်း ထောက်ပြကြသည်။ စောဆ--- ၏ သက်သေထွက်ဆိုချက်အရ-

*"ကျွန်တော်ဟာ သုံးကြိမ်တိုင်တိုင် တရားလိုသုံးယောက်ရဲ့တရားစွဲဆိုမှုကိုခံရတယ်။ ပထမဦးဆုံးအခေါက်မှာဆိုရင် အမှုမှန်မပေါ်ဘူး။ ဒုတိယအခေါက်မှာဆိုရင်လည်း အမှုမှန်ကမပေါ်သေးပြန်ဘူး။ သူတို့က ချမ်းသာတယ်ဆိုတော့ [တရားရုံးကအကြီးအကဲတွေကို] ပိုက်ဆံပေးလာဘ်ထိုးတာဖြစ်မှာပေ့ါ။ အခု ကျွန်တော်တရားရုံးနှစ်ကြိမ်ရင်ဆိုင်ခဲ့ပြီးပြီ၊ ဒီသုံးကြိမ်မြောက်အခေါက်မှဆိုရင် ဘယ်လိုလာမလဲတော့ ကျွန်တော်လည်းမသိဘူး။"*





ပထမဓာတ်ပုံကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ရုံးခန်းတွင် ရိုက်ယူခဲ့သည်။ ကောင်းမြန်မာအောင်ကုမ္ပဏီကန့်ကွက်ဆန္ဒပြရာတွင် အသံချဲ့စက်အသုံးပြုသည့်အတွက် ဒေသခံတောင်သူလယ်သမားတစ်ဦးအား ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ထန်းတစ်ပင်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်ရှိရဲဌာနတွင် ခံဝန်လွှာအပေါ် ကတိလက်မှတ်ရေးထိုးခိုင်းခဲ့သည်။ ဒုတိယဓာတ်ပုံကို KHRG အဖွဲ့ဝင်တစ်ဦးမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်တွင် ရိုက်ယူခဲ့သည်။ ဖော်ပြပါပုံသည် တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်၊ နဂါးမောက်ကျေးရွာတွင်ရှိသောရွာသားတစ်ဦး၏အိမ်ဖြစ်ပြီး ကောင်းမြန်မာအောင်ကုမ္ပဏီမှ ရွာသားများ၏အိမ်များကို ၎င်းတို့ကိုယ်တိုင်ဖျက်ဆီးခိုင်းရန် အတင်းအကြပ်စေခိုင်းခဲ့သည်။ *(ဓာတ်ပုံ - KHRG)*

## မြေယာသိမ်းဆည်းခြင်းမှ ဖြစ်ပေါ်လာသည့် အသက်မွေးဝမ်းကျောင်း သက်ရောက်မှု

ကျေးလက်ဒေသအတွင်း ဖွံ့ဖြိုးရေးကုမ္ပဏီအသစ်များဝင်ရောက်လာခြင်းကြောင့် ရွာသားများက ကုမ္ပဏီများ၏လုပ်ငန်းမှဖြစ်ပေါ်သော ဘေးထွက်ဆိုးကျိုးသက်ရောက်မှုများကို စိတ်ပျက်မိကြကြောင်းတင်ပြကြသည်။ အဘယ်ကြောင့်ဆိုသော် ရွာသားများသည် ၎င်းတို့၏ မြေယာပိုင်ဆိုင်မှုကိုဆုံးရှုံးရခြင်းနှင့် ၎င်းတို့၏ထုံးတမ်းအစဉ်အလာအရ လုပ်ကိုင်စားသောက်လာခဲ့သည့် အသက်မွေးဝမ်းကျောင်းပြုမှုများကိုလည်း ဆက်လက်၍လုပ်ကိုင်နိုင်စွမ်းမရှိတော့ပေ။ နော်အ--- ၏သက်သေခံချက်အရ-

*"ကျွန်မတို့နေတဲ့နေရာမှာ ကုမ္ပဏီကလာရောက်ပြီး အလုပ်လာလုပ်တယ်။ ပြီးတော့ ကျွန်မတို့က ကုမ္ပဏီနဲ့ အဲ့ဒီနေရာမှာပဲ အတူတူသွားပြီးလုပ်တယ်။ ကျွန်မတို့ထင်ထားတာက အကယ်၍ကုမ္ပဏီဒီကိုလာပြီးလို့ရှိရင် ကျွန်မတို့တွေက ကိုယ့်ရဲ့မြေပေါ်မှာ ပြန်ပြီးလွတ်လွတ်လပ်လပ်လုပ်ကိုင်စားသောက်လို့ရမယ်ဆိုပြီး ကျွန်မတို့တွေက အရမ်းပဲပျော်ကြတာပေါ့။ ဒါပေမဲ့ ကျွန်မတို့ထင်ထားတဲ့အတိုင်းဖြစ်မလာဘူး။ သူတို့ဒီကိုလာပြီးနောက်ပိုင်းမှာ [အခြေအနေက] ဟို့အရင်ကထက်စာရင်ပိုပြီးဆိုးသွားတယ်။ ကျွန်မတို့နေတဲ့ဒေသကို ကောင်းမြန်မာအောင်နဲ့ ရွှေစွမ်းအင် [ကုမ္ပဏီများ]အပါအဝင် [ကုမ္ပဏီတွေအများကြီး]ဝင်လာပြီး အလုပ်လာလုပ်ကြတယ်။ နောက်တော့ ကျွန်မတို့လုပ်ကိုင်စားသောက်ဖို့ မြေတကွက်မှမရှိတော့ဘူး။ ဒါကြောင့်မို့ သူတို့နေ့စားခေါ်တဲ့အချိန်မှာ ကျွန်မတို့တွေ သွားပြီးအလုပ်လုပ်ရတယ်။"*

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားမြေယာသုံးစွဲမှုမူဝါဒ (National Land Use Policy) အရ ဒေသခံကျေးလက်ပြည်သူများ အထူးသဖြင့် တောင်သူလယ်သမားကဲ့သို့ ပိုင်ဆိုင်မှုနည်းပါးသောသူများ၏မြေယာလုပ်ပိုင်ခွင့်အားကာကွယ်ပေးရန်နှင့် တရားဝင်အသိအမှတ်ပြုပေးရန် မြန်မာအစိုးရမတွင်တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ သို့သော် မြန်မာအစိုးရရေးဆွဲထားသည့်မြေယာမူဝါဒထဲတွင် ထိုတာဝန်ဝတ္တရားများပါရှိသော်ငြားလည်း ယခုလက်ရှိတွင် ထိုတာဝန်ဝတ္တရားများကို တာဝန်ယူဖြည့်ဆည်းလုပ်ဆောင်ရာတွင် အားနည်းမှုရှိကြောင်းတွေ့ရသည်။ အကယ်၍ ဤမူဂါဒအား ထိထိရောက်ရောက်ကျင့်သုံးမည်ဆိုပါက ဤလက်ရှိမြေယာမူဝါဒနှင့် ဌာနေတိုင်းရင်းသားအခွင့်အရေး တရားဝင်အသိအမှတ်ပြုလေးစားမှုကိုအခြေခံ၍ အစိုးရ၊ ကုမ္ပဏီများနှင့် တပ်မတော်တို့သည် ၎င်းတို့သိမ်းဆည်းထားသည့် မြေများအား မြေပိုင်ရှင်များထံသို့ပြန်လည်အပ်နှံသင့်သည် (သို့မဟုတ်) မြေယာသိမ်းဆည်းမှုကြောင့် ဒုက္ခခံစားရသည့်ရွာသားများအား လုံလောက်ဖူလုံမှုရှိသောနစ်နာကြေးလျော်ကြေးအား ပေးဆောင်သင့်သည်။ တောင်ငူခရိုင်အတွင်း ဤအမျိုးသားမြေယာအသုံးစွဲမှုမူဝါဒအား ထိရောက်မှုရှိစွာအသုံးချနိုင်ခြင်းမရှိခြင်းကြောင့် ရွာသားများသည် သူတို့၏မြေများနှင့်အလုပ်အကိုင်များပါ ပျောက်ဆုံးနစ်နာကြရသည်။ ထို့ကြောင့် ရွာသားများသည် ပညာရေးမှာသော်လည်းကောင်း၊ ကျန်းမာရေးဝန်ဆောင်မှုများမှာသော်လည်းကောင်း အခြားအခြေခံလိုအပ်ချက်များ မှာသော်လည်းကောင်း ၎င်းတို့၏မိသားစုများကို ကူညီထောက်ပံ့နိုင်ရန်အတွက် တပိုင်တနိုင်ရှန်းကန်လှုပ်ရှားကြရသည်။




ဤဓာတ်ပုံကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်တွင် ရိုက်ယူခဲ့ခြင်းဖြစ်ပြီး ကောင်းမြန်မာအောင်ကုမ္ပဏီနှင့် ရွှေစွမ်းအင်ကုမ္ပဏီမှ ထူးပယ်ရွာရှိ မြေများအား သိမ်းဆည်းထားသည့် ပုံဖြစ်သည်။ ထို့နောက် အဆောက်အဦးများစွာကိုတည်ဆောက်ရန်အတွက် ထိုမြေများကို အသုံးပြုကြသည်။ *(ဓာတ်ပုံ - KHRG)*



အပေါ်ဘက်ပိုင်းတွင် ဖော်ပြထားသည့် ဓာတ်ပုံနှစ်ပုံကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်၊ ဒေးလိုဒေသအနောက်ဘက်ခြမ်း၊ ထုံးဘို နှင့် နဂါးမောက်ကြားရှိလမ်းမတွင် ရိုက်ယူခဲ့သည်။ ကောင်းမြန်မာအောင်ကုမ္ပဏီ မှ သိမ်းယူထားသည့်မြေများတွင် ပါဝင်သည့်ရွာသားများသည် ဆန္ဒထုတ်ဖော်ရန်အတွက်စုဝေးနေကြသည့်ပုံများဖြစ်သည်။ အောက်ပိုင်းတွင်ဖော်ပြထားသည့်ဓာတ်ပုံနှစ်ပုံကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူမြို့တွင် ရိုက်ယူခဲ့ခြင်းဖြစ်ပြီး မြေယာကိစ္စနှင့်ပတ်သက်၍ ဆန္ဒထုတ်ဖော်ရန်အတွက် ကျေးရွာအုပ်စုနှစ်စုမှရွာသားများသည် တောင်ငူမြို့လမ်းမတွင်စုဝေးနေကြသည့်ပုံဖြစ်သည်။ ဤဆန္ဒပြမှုသည် ၎င်းတို့၏မြေများပြန်လည်ရရှိရန် ကောင်းမြန်မာအောင်ကုမ္ပဏီအား ဒုတိယအကြိမ်ကန့်ကွက်ဆန္ဒပြခြင်းဖြစ်သည်။ *(ဓာတ်ပုံ - KHRG)*

## အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းနှင့် အိုးအိမ်စွန့်ခွာနေရပ်ရွှေ့ပြောင်းနေထိုင်ခြင်း

၂၀၁၂ ပဏာမအပစ်အခတ်ရပ်စဲရေး[7] မတိုင်ခင် မြန်မာ့တပ်မတော်နှင့် ကရင်လက်နက်ကိုင်တပ်ဖွဲ့များကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် ကရင်ပြည်နယ်အတွင်းရှိဒေသခံရွာသားများစွာ နေရပ်စွန့်ခွာခဲ့ရသည်။

[7] ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့တွင် ပဏာမ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို KNU နှင့်မြန်မာအစိုးရအကြား ဖားအံမြို့တွင်လက်မှတ်ရေးထိုးခဲ့သည်။ ရေရှည်ငြိမ်းချမ်းရေးအစီအစဉ် စေ့စပ်ညှိနှိုင်းမှုသည် လက်ရှိဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

ပေါ်တာအဖြစ်ခိုင်းစေရန် တောင်းဆိုမှုများကြောင့်သော်လည်းကောင်း၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများ ကြောင့်သော်လည်းကောင်း အခြားသောလူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သော တပ်မတော်မှကျေးရွာဒေသများ နှင့်ဘာသာရေးနေရာများကို ရည်ရွယ်ချက်ရှိရှိအကြမ်းဖက်ခြင်းများစသည်တို့ကြောင့် တောင်ငူခရိုင်အတွင်းရှိ ရွာသားများမှာ နေရပ်အိုးအိမ်များစွန့်ခွာရပြီး အခြားသောအရပ်ဒေသများတွင်ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ ဤလူ့အခွင့်အရေး ချိုးဖောက်မှုများ၏နောက်ခံသမိုင်းသည် ကြာရှည်လှပြီးဖြစ်သော်လည်း ၂၀၁၂ အပစ်အခတ်ရပ်စဲ ရေးလက်မှတ်ထိုး ပြီးသည့်နောက်ပိုင်းတွင် အချို့သောရွာသားများသည် ယခင်မူလကနေထိုင်ခဲ့သည့်ကျေးရွာ ဒေသများတွင် ပြန်လာ နေထိုင်ရန် ဆန္ဒပြင်းပြလာခဲ့သည့်အတွက်ကြောင့် ၎င်းတို့နေထိုင်ခဲ့သည့်မူလနေရပ်ဒေသသို့ ပြန်လာရာတွင် အန္တရာယ်များရှိသော်လည်း စွန့်စားမှုများနှင့် ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေကာမူ အခြားသောရွာသားများသည် နေရပ်ပြန်လည်နေထိုင်ရေးနှင့်ပတ်သတ်၍ ဆက်လက်ရှိနေဆဲဖြစ်သည့် စစ်လှုပ်ရှားမှု များတို့ကြောင့် ၎င်းတို့လုံခြုံရေးကိုထိခိုက်စေမည့် စိုးရိမ်ပူပန်မှုများရှိသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ဥပမာအားဖြင့် ဆိုရလျှင် ၂၀၀၇ ခုနှစ်မှစ၍ တပ်မတော်စစ်သားများတစ်စုက သံတောင်ကြီးမြို့နယ်၊ သောက်ရေခပ်ချောင်းကျေး ရွာအုပ်စု၏အရှေ့ပိုင်းတွင်တည်ရှိသော စ--- ရွာအတွင်းရှိ ခရစ်ယာန်ဘုရားကျောင်းများကို ၎င်းတို့၏စစ်တပ်စခန်း များသကဲ့သို့ ယနေ့အချိန်ထိတိုင်ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။ ထို့အပြင် တပ်မတော်စစ်သားများသည် ရွာထဲတွင် ၎င်းတို့၏တပ်စခန်းကို မကြာသေးမီကပြန်လည်ဆောက်လုပ်မွမ်းမံခဲ့သည့်အတွက် စ--- ရွာတွင် ယခင်ကနေထိုင်ခဲ့သည့် ရွာသားဟောင်းများသည် ၎င်းတို့ရွာကိုပြန်လည်နေထိုင်ရန် လုံခြုံစိတ်ချမှုများရှိသည်ဟု မခံစားရတော့သည့်အပြင် ရွာထဲတွင် တပ်မတော်မှ ထောင်ထားသည့်မြေမြှုပ်မိုင်းများ၏တည်ရှိနေမှုကိုလည်း စိုးရိမ်ပူပန်နေရခြင်းဖြစ်သည်။ တပ်မတော်သည် ၎င်းတို့၏တပ်စခန်းများပိုမိုကောင်းမွန်လာအောင် ဆောက်လုပ်မွမ်းမံ ခြင်းများပြုလုပ်နေဆဲသာမက တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ လိပ်ပြာကလေးကျေးရွာအုပ်စု၊ ဂ--- ရွာတွင်ရှိသော ၎င်းတို့၏ တပ်စခန်းအနီးနားတွင် ဖြတ်သန်းသွားလာနေသော ဘယ်ရွာသားများကိုမဆို ပုံမှန်အားဖြင့် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေသည့်အတွက်ကြောင့် ရွာသားများသည် စစ်လှုပ်ရှားမှုများနှင့်ပတ်သတ်သော အခြေအနေများကို လေ့လာစောင့်ကြည့်ရာမှာ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးပြီးကတည်းက စစ်တပ်လှုပ်ရှားမှုအခြေအနေသည် သိသိသာသာပြောင်းလဲလာခြင်းမရှိပေ။ ထို့မျှမက ရွာသားအများစုသည် အကယ်၍၎င်းတို့နေရပ်သို့ ပြန်လည်နေထိုင်မည်ဆိုပါက အသက်မွေးဝမ်းကျောင်းဆိုင်ရာအခက်အခဲ၊ စိန်ခေါ်မှုများ နှင့် ကြုံတွေ့ရလိမ့်မည်ဟု ယုံကြည်နေကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ပိုင်ဆိုင်သောမူလမြေယာအများစု ကို (ကုမ္ပဏီများမှ) သိမ်းယူခဲ့ခြင်းနှင့် ထိန်းသိမ်းခံရသည့်မြေယာများအဖြစ် အသိမ်းဆည်းခံနေရခြင်းဖြစ်သည်။

တောင်ငူခရိုင်ရှိရွာသားများအပေါ် အတင်းအဓမ္မရွှေ့ပြောင်းခိုင်းစေခြင်းကို အဓိကဖြစ်ပေါ်စေခဲ့သောအရာသည် စစ်ဘက်ဆိုင်ရာအကြမ်းဖက်ခြင်းကြောင့်ဖြစ်သည်။ သို့သော်ငြားလည်း ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး နောက်ပိုင်းတွင် ရွာသားများ အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းမှာ စစ်ဘက်ဆိုင်ရာအကြမ်းဖက်ခြင်းကြောင့်မဟုတ် တော့ပဲ အာဏာရှိစီးပွားရေးသူဌေးရှင်များမှ ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်ပြောင်းလဲလာခဲ့သည်။ အချို့သောဖြစ်ရပ်များတွင် ရွာသားများသည် ကုမ္ပဏီ၏အကြမ်းဖက်မှုမှကိုယ့်ကိုကိုယ်

ကာကွယ်ရန်အတွက်သော်လည်းကောင်း၊ ကုမ္ပဏီနှင့်ထိပ်တိုက်ကြုံ၍ ပြဿနာများဖြစ်ပေါ်စေခြင်းမှရှောင်ကြဉ်ရန် အတွက်သော်လည်းကောင်း အခြားအရပ်ဒေသသို့ရွှေ့ပြောင်းကြရသော်လည်း များသောအားဖြင့် ၎င်းတို့၏မြေယာ များကိုဖျက်ဆီးသည့် သို့မဟုတ် ပျက်စီးစေသောဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို ရုတ်တရက်အကောင်အထည် ဖော်ဆောင်ခြင်းကြောင့် ရွာသားများအဓမ္မရွှေ့ပြောင်းခံရခြင်းဖြစ်သည်။ ဥပမာအားဖြင့် ထုံးဘိုရွာသားများရွှေ့ပြောင်း ခံရခြင်းသည် ရွှေစွမ်းအင်ကုမ္ပဏီနှင့် ကောင်းမြန်မာအောင်ကုမ္ပဏီတို့မှလုပ်ဆောင်သော ဖွံ့ဖြိုးရေးစီမံကိန်းများ

ကြောင့်ဖြစ်သည်။ ထိုကုမ္ပဏီများသည် ၎င်းတို့၏ဖွံ့ဖြိုးရေးစီမံကိန်းများမဖော်ဆောင်မီ ဒေသခံရွာသားများကို ကြိုတင်အကြောင်းကြားခြင်းမရှိသည့်အပြင် ညှိနှိုင်းဆောင်ရွက်ခြင်းလည်းမရှိပေ။ ထို့အပြင် စီမံကိန်းကြောင့် ထိခိုက်နစ်နာသောရွာသားများကိုလည်း လုံလောက်သောလျော်ကြေးငွေများ ပေးဆောင်ခြင်းမရှိပါ။ တိုက်ပွဲပဋိပက္ခကြောင့် ရွှေ့ပြောင်းခံရသည့်အခြေအနေနှင့်မတူညီသော်လည်း ဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ရွှေ့ပြောင်းခံနေရသည့် ရွာသားများသည် ၎င်းတို့၏မူလနေရပ်ဌာနေသို့ ပြန်လာနေထိုင်ရန် အများအားဖြင့် ဖြစ်နိုင်ချေမရှိပါ။

ဥပမာဆိုလျှင် တောင်ငူခရိုင်ရှိ ကရင်လူ့အခွင့်အရေးအဖွဲ့၏မှတ်တမ်းပြုစုသူများ၏တင်ပြချက်အရ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ရက်တွင် ကောင်းမြန်မာအောင်ကုမ္ပဏီသည် နဂါးမောက်ရွာသားများ၏မြေယာထဲတွင် သစ်ပင်များ ဝင်ရောက်စိုက်ပျိုးပြီး ထိုနေရာတွင်နေထိုင်ကြသောမည်သည့်ရွာသားမဆိုကို ၎င်းတို့ပိုင်ဆိုင်သည့်အိမ်ယာများကို ၎င်းတို့ကိုယ်တိုင်ဖျက်ဆီးရန်အမိန့်ပေးရွှေ့ပြောင်းခိုင်းခဲ့သည်။ ထို့အပြင် ရွှေစွမ်းအင်ကုမ္ပဏီလည်း ထုံးဘိုရွာသားများအား ဆည်မြောင်းဆောက်လုပ်ခြင်းစီမံကိန်းကို ကြိုတင်အသိပေးအကြောင်းကြားခြင်းနှင့် ခွင့်ပြုချက်တောင်းယူရန်အခွင့်အရေးမပေးပဲ သောက်ရေခပ်ဆည်ကို တည်ဆောက်ရန်အတွက် ရွာသားများကို ၎င်းတို့ရွာမှ ထွက်ခွာရွှေ့ပြောင်းရန် အတင်းအဓမ္မခိုင်းစေခဲ့သည်။ ထုံးဘိုရွာသားများသည် ရေလွှမ်းမိုးမှုကြောင့် သောက်ရေခပ်ချောင်းရေလှောင်တမံ၏ အထက်ပိုင်းရှိ ၎င်းတို့၏မြေယာများအားလုံးကို ဆုံးရှုံးခဲ့ရသည်။ ဆည်မြောင်းစီမံကိန်းကြောင့် ရေမလွှမ်းသောမြေယာများ သို့မဟုတ် အသုံးမပြုသောမြေယာများပေါ်တွင် ထုံးဘိုရွာသားအချို့က လုပ်ကိုင်စိုက်ပျိုးချင်ခဲ့သော်လည်း ကောင်းမြန်မာအောင်ကုမ္ပဏီက ထိုမြေယာများကိုသိမ်းဆည်းခဲ့သည်။ အိမ်ရာများဆောက်လုပ်ရန် မြေယာများမရှိသည့်အတွက် ထုံးဘိုရွာသားများသည် အခြားဒေသသို့ရွှေ့ပြောင်းခဲ့ပြီး မြေရိုင်းများရှိသောနေရာအနီးတွင် တဲအိမ်ငယ်လေးများဆောက်လုပ်၍ နေထိုင်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ အဆိုပါရွာသားများသည် နောက်တစ်ကြိမ် ၎င်းတို့နေထိုင်ရာမြေရိုင်းများရှိသောနေရာထဲမှ အဓမ္မရွှေ့ပြောင်းခံခဲ့ရပြီး ထိုမြေယာပေါ်တွင် ကျူးကျော်ဝင်ရောက်နေထိုင်သည်ဟုဆို၍ ကောင်းမြန်မာအောင်ကုမ္ပဏီမှ ရွာသားများအား တရားစွဲဆိုခဲ့ပြန်သည်။ ထိုထိခိုက်နစ်နာသောရွာသားများသည် လုံခြုံစိတ်ချစွာနှင့် နေစရာအိမ်ငယ်များဆောက်လုပ်ရန် မြေယာများမရှိတော့သည့်ကတည်းက ရွာသားများသည် ၎င်းတို့မိသားစုဝင်များကို လုပ်ကိုင်ကျွေးမွေးနိုင်ရန် အလို့ငှာ ၎င်းတို့ကြုံတွေ့ရသည့်စိန်ခေါ်မှုများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာအခက်အခဲများကို ကျော်လွှားနိုင်ရန် အတွက် ရွာသားများသည် ရွှေ့ပြောင်းခံခဲ့ရပြန်သည်။




ဤပုံများကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့၌ တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်တွင် ရိုက်ယူခဲ့သည်။ ဤပုံများသည် သောက်ရေခပ်ချောင်းရေလှောင်တမံ၏ပုံများဖြစ်ပြီး သောက်ရေခပ်ချောင်း(၂) ဆည် ဟုလည်းခေါ်သည်။ အဆိုပါ

သောက်ရေစပ်ဆည်ကို စတင်တည်ဆောက်နေခဲ့အချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်၊ မြန်မာအစိုးရ)မှ ရွာသားများအား ၎င်းတို့၏စိတ်ဆန္ဒမပါပဲ အတင်းအဓမ္မခိုင်းစေခြင်းကိုခံရသည့်အလုပ်သမားကဲ့သို့ အသုံးပြုခဲ့သည်။ ဆည်တည်ဆောက်ခြင်းကြောင့် ရွာသားများသည် အစဉ်မပျက် မြေယာများဆုံးရှုံးခဲ့ရသည်။ ဤမတရား အကြမ်းဖက်မှုများ ခံစားရသော်လည်း အချို့သောရွာသားကိုသာ ရွှေစွမ်းအင်ကုမ္ပဏီ (အေးရှားဝေါလ် ကုမ္ပဏီဟုလည်းခေါ်ဆို)မှ လျော်ကြေးငွေများ ပေးဆောင်ခဲ့သည်။ ရေကာတာကို ဆောက်လုပ်သောကုမ္ပဏီသည် ၂၀၀၈ ခုနှစ်တွင် အစိုးရတပ်မတော်နှင့် ပူးတွဲလုပ်ဆောင်ခဲ့သည်။ အစိုးရတပ်မတော်သည် ရွာသားများ၏အခြေခံအခွင့်အရေးများကို ကျူးလွန်ချိုး ဖောက်ခဲ့သည့်အတွက် ရွာသားများအား နစ်နာကြေးမပေးသည့်အပြင် ရွာသားများ၏အခွင့်အရေးများကိုလည်း အသိအမှတ်မပြုချေ။ ဒေသခံရွာသားများ၏တင်ပြချက်အရ ရေကာတာ၏အထက်ပိုင်းတွင်ရှိသောမြေယာများသည် ရေလွှမ်းမိုးမှုခံရသော ကြောင့် ရွာသားများနေရပ်စွန့်ခွာရခြင်းနှင့် လယ်ယာများနှင့်အိမ်ရာများကိုလည်း ဆုံးရှုံးခဲ့ရသည်။ ရေကာတာ၏အောက်ပိုင်း တွင်ရှိသောအရပ်ဒေသတွင်နေထိုင်ကြသည့်ရွာသားများသည် ရေကာတာဆောက်လုပ်မှုကြောင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာအခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေခဲ့ရသည်။ *(ဓာတ်ပုံ - KHRG)*



အထက်ပါအပေါ်က လက်ဝဲနှင့်လက်ယာဖက်တွင်ရှိသော ပထမပုံနှင့်ဒုတိယပုံသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့ တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်၊ ထုံးဘိုရွာတွင် ရိုက်ယူခဲ့သည်။ ရွှေစွမ်းအင်ကုမ္ပဏီမှ ဆောက်လုပ်သည့် သောက်ရေစပ် ရေအားလျှပ်စစ်စီမံကိန်းသည် ရွာသားများ၏ အိုးအိမ်များကို ပျက်စီးခဲ့သည့်အတွက်ကြောင့် ထုံးဘိုရွာသားများသည် အိုးအိမ်စွန့်ခွာ၊ နေရပ်ရွှေ့ပြောင်းခဲ့ရသည်။ ထိုမျှမက ကောင်းမြန်မာအောင်ကုမ္ပဏီမှလည်း ရေအားလျှပ်စစ်စီမံကိန်းကြောင့် အသုံးပြုခံရသောမြေယာများကိုလည်း သိမ်းဆည်းခဲ့သည်။ ထို့ကြောင့် အချို့ရွှေ့ပြောင်းခံရသောရွာသားများသည်

ၾငင်းတို့နေထိုင်ရန်အတွက် အိမ်ရာများဆောက်လုပ်ရန် မြေယာများမရှိတော့သည့်အပြင် ၎င်းတို့သားသမီးများသည် ကျောင်းပညာရေးကိုလည်း ဆက်လက်မဆည်းပူးနိုင်တော့ပေ။ တတိယပုံနှင့် စတုတ္ထပုံသည် ၂၀၁၆ ခုနှစ် ဇွန်လ ၁၇ ရက် နေ့ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ သောက်ရေခပ်ချောင်းကျေးရွာအုပ်စု၏ အရှေ့ဖက်ခြမ်းရှိ ဆ--- ရွာတွင် ရိုက်ယူခဲ့သည်။ ၎င်းပုံများသည် ၁၉၉၂ ခုနှစ်က ရွာသားများ အတင်းအဓမ္မ ရွှေ့ပြောင်းခံရသော ပုံများဖြစ်သည်။ သို့သော် ထိုရွာသားများသည် မကြာသေးမီက ၎င်းတို့၏မူလရွာတွင် ပြန်လည်ရောက်ရှိလာပြီး အရည်အသွေးမပြည့်မီတဲ့ အိမ်ရာများကို တည်ဆောက်ခဲ့သည်။ အခြားသောရွှေ့ပြောင်းခံရသည့်ရွာသားများသည် ၎င်းတို့၏ရွာများတွင် ပြန်လည်အခြေချနေထိုင်ချင်သော်လည်း အနာဂါတ်တွင် တိုက်ပွဲများတဖန်ပြန်လည်ဖြစ်ပွားမည်ကို စိုးရိမ်ကြောင့်ကြသောကြောင့် ယခုချိန်ထိပြန်မလာခဲ့ချေ။ *(ဓာတ်ပုံ- KHRG)*

## ဖွံ့ဖြိုးရေးစီမံကိန်းများ

၂၀၁၂ ပဏာမအပစ်ခတ်ရပ်စဲရေးနှင့် ၂၀၁၅ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးအချိန်မှစ၍ ကျေးလက်ဒေသအဆင့်တွင် လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေး နှင့် လျှပ်စစ်မီးများအားကျယ်ပြန့်စွာလက်လှမ်းမှီရရှိစေရေး စသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပိုမိုအားကောင်းလာစေရန် မြန်မာအစိုးရဆောက်လုပ်ရေးဝန်ကြီးမှ ရည်ရွယ်လုပ်ဆောင်လာခဲ့သည်။ ဤသို့ဖြင့် ဆောက်လုပ်ရေးဝန်ကြီးမှ ဒေသခံလူမှုအသိုက်အဝန်းများအတွက် လမ်းများဆောက်လုပ်ပေးရန်အတွက်သော်လည်းကောင်း၊ လျှပ်စစ်စွမ်းအားများအား ပိုမို၍စီစဉ်ပေးနိုင်ရန်အတွက်သော်လည်းကောင်း ပြည်တွင်းရှိကုမ္ပဏီများနှင့် သဘောတူခွင့်ပြုချက်များပေးခဲ့သည်။ ထို့နည်းၾငင်း ၂၀၁၆ ခုနှစ်တွင် ပြည်တွင်းကုမ္ပဏီများမှ တောင်ငူခရိုင်အတွင်း အကောင်ထည်ဖော်လုပ်ဆောင်ခဲ့သော ဖွံ့ဖြိုးရေးစီမံကိန်းများစွာကို KHRGအဖွဲ့ဝင်များက သတင်းမှတ်တမ်းပြုစုခဲ့သည်။ သံတောင်ကြီးမြို့နယ်နှင့် ထန်းတစ်ပင်မြို့နယ်တို့တွင်နေထိုင်ကြသော ဒေသခံရွာသားများ၏အဆိုအရ ပြည်တွင်းကုမ္ပဏီများနှင့်ပတ်သက်၍ လူမှုအသိုက်အဝန်း၏အကြီးမားဆုံးသောစိုးရိမ်ပူပန်မှုများမှာ တာဝန်ယူ၊တာဝန်ခံမှုမရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် ယင်းကုမ္ပဏီများသည် လုပ်ငန်း၏အရည်အသွေးထက် ၎င်းတို့၏အမြတ်အစွန်းကို ပို၍ဦးစားပေးကြသည်။ ရွာသားများကြုံတွေ့ခံစားရသောအခြားစိန်ခေါ်မှုများမှာ စီမံကိန်းများအကောင်အထည်ဖော်ရာတွင် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုအားနည်းခြင်း၊ ရွာသားများကိုလေးစားသမှုမပြုခြင်းနှင့် လက်မှတ်ရေးထိုးသည့်သဘောတူစာချုပ်များတွင် ရွာသားများ၏ထောက်ခံမှုမရှိပဲ လုပ်ဆောင်ခြင်းများဖြစ်ကြသည်။

အမှန်စင်စစ်တွင်မူ KHRG မှ ၂၀၁၆ ခုနှစ် တောင်ငူခရိုင်မှ လက်ခံရရှိထားသော အစီရင်ခံအချက်အလက် (၉) ခုအရ တောင်ငူခရိုင်ရှိ သံတောင်ကြီးမြို့နယ်နှင့် ထန်းတစ်ပင်မြို့နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ကုမ္ပဏီများက အကောင်အထည်ဖော်လုပ်ဆောင်နေသည်ကို တိုက်ရိုက်ဆွေးနွေးဖော်ပြထားသည်။ ယင်းကုမ္ပဏီများသည် လမ်းနှင့်တံတားများဆောက်လုပ်ခြင်း၊ ဆက်သွယ်ရေးဖုန်းလိုင်းများတည်ဆောက်ခြင်း၊ လျှပ်စစ်မီးတပ်ဆင်ခြင်းနှင့် ဒေသခံကျေးလက်ပြည်သူများ၏ရေရယူမှုစနစ်ကို ပို၍လုပ်ဆောင်လာခြင်း စသည့်စီမံကိန်းအသီးသီးကို အကောင်ထည်ဖော်လုပ်ဆောင်ကြသည်။ ချမ်းမြဝေစည်ကုမ္ပဏီ၊ ငွေဇင်ဖြိုးကုမ္ပဏီ၊ ဝေယံကျော်ကုမ္ပဏီ နှင့် အခြားအမည်မသိ ကုမ္ပဏီများသည် သံတောင်ကြီးမြို့နယ်အတွင်း လမ်းနှင့်တံတားများကို ဆောက်လုပ်ကြသည်။ ဝေယံကျော်ကုမ္ပဏီနှင့် ချမ်းမြဝေစည်ကုမ္ပဏီတို့သည် မြန်မာအစိုးရ၏ခွင့်ပြုချက်ကိုရယူ၍ နှစ်ဖက်သဘောတူစာချုပ်ဖြင့် ရွှေညောင်ပင်ရွာ မှ မောင်နွံကြီးရွာသို့ သွားသည့် (၇) မိုင်ခန့်ရှိသောလမ်းအား ဆောက်လုပ်ခဲ့သည်။ သို့သော်ငြားလည်း သံတောင်ကြီးမြို့မှ KHRG အဖွဲ့ဝင်တစ်ဦး၏အဆိုအရ ယင်းကုမ္ပဏီများမှ သူတို့၏လက်မှတ်ထိုးထားသည့်သဘောတူစာချုပ်အတိုင်း လိုက်လျောလုပ်ဆောင်ခြင်းမရှိချေ။

*"ကုမ္ပဏီတွေက သူတို့ကို ဆောက်ခိုင်းတဲ့တံတားတွေကို သူတို့က အကုန်လုံးမဆောက်ကြဘူး။ ဒါပေမဲ့ သဘောတူညီချက်စာရွက်ပေါ်မှာကတော့ သူတို့လက်မှတ်ထိုးထားတာက တံတားတွေအားလုံးကို အောင်မြင်စွာဆောက်လုပ်ပြီးပြီတဲ့။ ရွှေညောင်ပင်ရွာကနေ မောင်နွဲ့ကြီးကိုသွားတဲ့ လမ်းအကွာအဝေးဟာ (၇) မိုင်ပဲရှိတာကို သူတို့ [ကုမ္ပဏီ] တွေက (၆) မိုင် ပဲကျောက်ခင်းတယ်။ လမ်းရဲ့တချို့အပိုင်းတွေမှာဆို မပြီးသေးဘူး။ ဒါပေမဲ့ သူတို့ [ကုမ္ပဏီ] တွေက ပြီးပြီလို့ပြောတယ်။"*

အဆိုပါလမ်းအား အထူးသဖြင့် မိုးရာသီကာလအတွင်း ကျေးရွာသူ/များအသုံးပြုရန် အဆင်မပြေသည့်အတွက် ဒေသခံရွာသားများအတွက် အကျိုးအမြတ်တစုံတရာမျှ မရှိချေ။ အဘယ်ကြောင့်ဆိုသော် ထိုလမ်းကို (၆) မိုင်သာဆောက်လုပ်ခဲ့ကာ ကျောက်စရစ်များဖြင့်သာခင်းပြီး အရည်အသွေးညံ့ဖျင်းခြင်းကြောင့်ဖြစ်သည်။ ဤဥပမာကို ကြည့်ခြင်းအားဖြင့် အချို့သောအဖြစ်အပျက်များတွင် ကုမ္ပဏီများမှာ လူမှုအသိုက်အဝန်းများကို ကူညီသည့်ခေါင်းစဉ်ဖြင့် ၎င်းတို့၏ဖော်ဆောင်သည့် စီမံကိန်းများသည် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသည်ကို တွေ့ရသည်။




ပထမပုံနှင့် ဒုတိယပုံတို့ကို ၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက် တောင်ငူခရိုင်တွင် ရိုက်ယူခဲ့သည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ မောင်နွဲ့ကြီးကျေးရွာအုပ်စုအရှေ့ဘက်ခြမ်းရှိ ရွှေညောင်ပင်ရွာနှင့် နန်းချိန်ခွင်ရွာအကြားရှိ (၇) မိုင်အကွာအဝေးရှည်လျားမှုရှိသောလမ်းအား ဖော်ထားသည့်ပုံများဖြစ်သည်။ ဤကျောက်ခင်းလမ်းမကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဆောက်လုပ်ပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် ပြီးစီးသည်။ ချမ်းမြေဝေစည်ကုမ္ပဏီမှ အလွန်အရည်အသွေးညံ့ဖျင်းသောလမ်းကို ဆောက်လုပ်ခဲ့ခြင်းကြောင့် ၂၀၁၆ ခုနှစ်၊ မေလဦးပိုင်းတွင် မိုးစတင်ရွာသွန်းမှုကြောင့် ယင်းကျောက်ခင်းလမ်းသည် ပျက်ဆီးသွားခဲ့သည်။ ဒေသခံပြည်သူများ၏အဆိုအရ ပျက်ဆီးသွားသည့်လမ်းအား မည်သည့်ကုမ္ပဏီမှ လာရောက်၍ပြန်လည်ပြုပြင်မွမ်းမံခြင်း မရှိခဲ့ပေ။ *(ဓာတ်ပုံ - KHRG)*

ပြည်တွင်း ကုမ္ပဏီ (၄) ခုဖြစ်သော ရဲသူရ၊ ရတနာကျော်၊ အောင်မြင့်မိုရ် နှင့် အယ်(လ်)ဖာ (Elpar Company) ကုမ္ပဏီတို့သည် တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်အတွင်းရှိနေရာဒေသများတွင် လျှပ်စစ်မီးတပ်ဆင်ရန် မြန်မာအစိုးရမှ ခွင့်ပြုချက်ပေးခဲ့သည်။ ယင်းကုမ္ပဏီများအနက် ကုမ္ပဏီ (၃) ခုမှာ ထန်းတစ်ပင်မြို့နယ်တစ်လျှောက်ရှိ နေရာဒေသများတွင် ဗို့အား ၄၁၀၀၀ ဖြင့် လျှပ်စစ်မီးတပ်ဆင်ရန် စာချုပ်ချုပ်ဆိုခဲ့သည်။ KHRGအဖွဲ့ဝင်တစ်ဦးမှ မေးမြန်းခဲ့သည့် တွေ့ဆုံမေးမြန်း (အင်တာဗျူး) တစ်ခုအရ အဆိုပါစီမံကိန်းသည် ယခင် ၂၀၁၄ ခုနှစ်မှစတင်လုပ်ဆောင်ခဲ့သော်ငြားလည်း ၂၀၁၆ ခုနှစ်ထိတိုင် ဤစီမံကိန်းလုပ်ဆောင်သည့်ဒေသတွင် နေထိုင်သည်ပြည်သူများသည် လျှပ်စစ်မီးအားခပေးဆောင်ခဲ့ပြီးသော်ငြားလည်း လျှပ်စစ်မီးကိုမရရှိသေးပါ။ ထို့ကြောင့် ကုမ္ပဏီများ၏

ကနဦးခံဝန်ကတိများကို အကောင်အထည်ဖော်ရာတွင် တာဝန်ယူ၊တာဝန်ခံမှုမရှိပေ။ စီမံကိန်းဖော်ဆောင်သည့် ဒေသအတွင်း ကုမ္ပဏီများမှ လျှပ်စစ်မီးအားခတောင်းခံရာတွင် စျေးနှုန်းသည်အလွန်အမင်းမြင့်မားသောကြောင့် ကျေးလက်ဒေသနေရွာသားအများစုသည် လျှပ်စစ်မီးအသုံးပြုရန်အတွက် မတတ်နိုင်ကြပေ။ ယင်းကုမ္ပဏီများမှ ၂၀၀၀၀၀ကျပ် မှ ၆၀၀၀၀၀ကျပ်အထိ လျှပ်စစ်ဗို့အားအနိမ့်အမြင့်အလိုက် ငွေကြေးတောင်းခံသည်။ ရွာသားများသည် လျှပ်စစ်မီးပစ္စည်းများနှင့်ပတ်သက်၍ အချို့သောကုန်ကျစျေးနှုန်းများကိုပေးပြီးသော်ငြားလည်း ၎င်းတို့ကို သီးခြား ဝါယာကြိုးနှင့် မီတာပုံးများကို အတင်းအကြပ်ဝယ်ခိုင်းပြီး လျှပ်စစ်မီးတိုင်ကိုလည်းကိုယ်တိုင်စိုက်ထူခိုင်းခဲ့သည်။ ကုမ္ပဏီများ၏ တာဝန်ယူ၊ တာဝန်ခံမှုမရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်းကြောင့် ရွာသားအချို့သည် ဓာတ်မီးတိုင်မှ ရရှိသည့်လျှပ်စစ်မီးထက် ဆိုလာပြား (solar panels) များကို ပို၍လိုလားကြသည်။

ထို့အပြင် ၂၀၁၆ ခုနှစ် ကာလအတွင်း KHRG သတင်းမှတ်တမ်းပြုစုသူများထံသို့ ဒေသခံပြည်သူများမှ တင်ပြခဲ့သည်မှာ နယ်စပ်ဒေသပညာရေးနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးညွှန်ကြားမှုဦးစီးဌာန (နတလ) မှလည်း ကျေးလက်ဒေသအတွင်း ရေပိုက်သုံးစနစ်စီမံကိန်းအား ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်လုပ်ဆောင်သော်လည်း အချို့နေရာဒေသများတွင် ရွာသားများသည် ရေများမရရှိကြပါ။ အဘယ်ကြောင့်ဆိုသော် (နတလ) အဖွဲ့သည် စီမံကိန်းအားစတင်၍ အကောင်အထည်မဖော်ဆောင်မီ ထိုနေရာသည် ရေများရရှိနိုင်သည့်နေရာ ဖြစ်နိုင်ခြေရှိသည်၊ မရှိသည်ကို စမ်းစစ်ရန် ကြိုတင်၍ဦးစွာလေ့လာစမ်းသပ်မှုများ ပြုလုပ်မှုမရှိခြင်းကြောင့်ဖြစ်သည်။ အပြုသဘော ဆောင်သည့်အားဖြင့် ကရင်ဒုက္ခသည်များကူညီစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (KORD) အဖွဲ့အစည်းမှ ဒေသခံရွာသားများအတွက် ရေသိုလှောင်သည့်ထောက်ပံ့ပစ္စည်းများအား ကျေးရွာအတော်များများတွင်တပ်ဆင်လုပ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

## မူးယစ်ဆေးဝါး

၂၀၁၆ ခုနှစ်အတွင်း တောင်ငူခရိုင်ရှိ လူမှုအသိုက်အဝန်းများအကြား မူးယစ်ဆေးဝါးရောင်းဝယ်ရေး အထူးသဖြင့် လူငယ်များဆီ မူးယစ်ဆေးဝါးရောင်းချမှု ပိုမိုများပြားလာခြင်းနှင့်ပတ်သက်၍ ရွာသားများ၏စိုးရိမ်ပူပန်မှုများကို မီးမောင်းထိုးဖော်ပြသည့် သတင်းအချက်အလက်များအား KHRG မှ လက်ခံရရှိခဲ့သည်။

ပြည်တွင်းအနေဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် ထုတ်လုပ်မှုကို KNU နှင့် မြန်မာအစိုးရ နှစ်ရပ်လုံးမှ တင်းကြပ်စွာတားမြစ်ထားသည်။ သို့သော် KHRG သတင်းမှတ်တမ်းပြုစုသူများ၏တင်ပြချက်အရ မူးယစ်ဆေးဝါးများကို အဓိကရောင်းချသူများမှာ အစိုးရအုပ်ချုပ်ရေးမှူးများနှင့် တပ်မတော်စစ်သားများ စသည့် အာဏာပိုင်အဖွဲ့အစည်းများဖြစ်ကြသည်။ ဥပမာအားဖြင့် KHRG သတင်းမှတ်တမ်းပြုစုသူများထံသို့ ဒေသခံပြည်သူများ၏တင်ပြချက်အရ ခလယ်လာစစ်တပ်စခန်းမှ တပ်မတော်သားများနှင့် နယ်ခံအာဏာပိုင်ခေါင်းဆောင်များသည် တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်တွင် မူးယစ်ဆေးဝါးများကိုရောင်းချရန် အတူတကွပူးပေါင်းဆောင်ရွက်နေခဲ့ကြသည်။ အချို့သော ဒေသခံပြည်သူများ၏ထင်မြင်ယူဆချက်အရ ဤမူးယစ်ဆေးဝါးကုန်ကူးမှု၏ရည်ရွယ်ချက်မှာ ဒေသခံလူမှုအသိုက်အဝန်းများကို နာကျင်ပျက်ဆီးလိုသောဆန္ဒဖြင့် လုပ်ဆောင်သည်ဟု ယူဆကြသည်။

*"သူတို့ [တပ်မတော်နှင့် အစိုးရအုပ်ချုပ်ရေးမှူး]တွေက ပြည်သူလူထုလူမှုအသိုင်းအဝိုင်းကို ဖျက်ဆီးဖို့အတွက် မူးယစ်ဆေးဝါးရောင်းကြတယ်။ သူတို့တွေ [ငွေရဖို့နဲ့ လူထုကို ဖျက်ဆီးဖို့အတွက်] အခွင့်ကောင်းယူပြီး မူးယစ်ဆေးဝါးတွေရောင်းဖို့အတွက် ပူးပေါင်းလုပ်ဆောင်ကြတယ်။ စစ်တပ်က ကားလာပြီး ရိက္ခာတွေပို့တဲ့အခါမှာဆိုရင် သူတို့တွေ မူးယစ်ဆေးဝါးတွေကို သူတို့နဲ့အတူအမြဲတမ်းပဲသယ်လာတယ်။ ရွာသားတွေကိုတော့ မူးယစ်ဆေးဝါးမရောင်း*

*ခိုင်းဘူး။ ဒါပေမဲ့ သူတို့ကိုယ်တိုင်ကရောင်းနေတာ။ ဒါဟာ ကျွန်တော်တို့အတွက် တကယ့်ကိုကြီးတဲ့စိုးရိမ်မှုတစ်ခု ဖြစ်တယ်။"*

ရွာသားများသည် အထူးသဖြင့် မူးယစ်ဆေးဝါးအရောင်းခံရသည့်လူငယ်လူရွယ်များအတွက် ၎င်းတို့အပေါ် ကျရောက်မည့်အသက်မွေးဝမ်းကျောင်းနောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြသည်။ မဖ---၏ သက်သေခံချက်အရ-

*"လူငယ်တော်တော်များများ မူးယစ်ဆေးဝါးတွေကို သုံးစွဲလာကြတယ်။ သူတို့ရဲ့ဘဝတွေပျက်ဆီးသွားပြီး အလုပ်လုပ်ဖို့ဘာမှမသိတော့တဲ့အထိကို အဲ့ဒါတွေကိုသုံးကြတယ်။ တချို့မိသားစုရှိတဲ့သူတွေဆိုရင် [မူးယစ်ဆေးဝါးတွေကို စပြီးသုံးလိုက်တဲ့ခါမှာ] သူတို့ရဲ့မိသားစုကို လုပ်ကျွေးဖို့ (ဒါမှမဟုတ်) သူတို့ရဲ့ကလေးတွေကို ပြုစုစောင့်ရှောက်ဖို့ ဘာတစ်ခုမှ မလုပ်တော့ဘူး။"*

ဤမူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းများအား အမြစ်ပြတ်ရှင်းလင်းရန် KNU အုပ်ချုပ်သည့်ဒေသများအတွင်း ဖြန့်ချီလျက်ရှိသောမူးယစ်ဆေးဝါးများကို တောင်ငူခရိုင်ရှိ KNU အာဏာပိုင်အဖွဲ့များက လိုက်လံဖမ်းဆီးသိမ်းယူခဲ့သည်။ ၂၀၁၄ ခုနှစ်မှစ၍ KNU မှ မူးယစ်ဆေးဝါးများကိုလိုက်လံသိမ်းယူ၍ မူးယစ်ဆေးဝါးဆိုင်ရာအသိပညာပေးများစတင်လုပ်ဆောင်လာခဲ့သည်ကို ထင်သာမြင်သာတွေ့ရသော်လည်း မူးယစ်ဆေးဝါးများ ဖောက်ကားရာတွင် အာဏာရှိလုပ်ဆောင်သူများဖြစ်သည့် အစိုးရအုပ်ချုပ်ရေးမှူးများနှင့် တပ်မတော်တို့က မူးယစ်ဆေးဝါးအမြစ်ပြတ်တိုက်ဖျက်ခြင်းကို တားဆီးကာကွယ်ထားကြသည်။



ဤဓာတ်ပုံကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၃ရက် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ သောက်ရေခပ်ရွာတွင် ရိုက်ယူခဲ့သည်။ KNLA တပ်ရင်းအမှတ်(၅) လက်အောက်ခံတပ်ခွဲအမှတ်(၃) မှ ဗိုလ်မှူးစောဝါးထူး ဦးဆောင်သည့်အဖွဲ့သည် မူးယစ်ဆေးဝါးရောင်းချသူဦးဉာဏ်ရို၊ စောအာဒိုး၊ စောလယ်အီး နှင့် ပြည့်ဖြိုးအောင် တို့ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ယာဘား (မြင်းဆေး) အလုံး (၆၀၀၀)၊ ပီစတိုသေနတ်တစ်လက်နှင့် ကျည်ဆံတောက်များကို ဆိုင်ကယ်ထဲတွင် KNLA မှရှာဖွေတွေ့ရှိခဲ့သည်။ ဤမူးယစ်ဆေးဝါးရောင်းချသူများသည် ယာဘားမူးယစ်ဆေးကုန်ကူးရန် ကယန်းပြည်သစ်ပါတီ (Kayan New Land Party) ဗိုလ်မှူး ညီမိုင်းမှ အမိန့်ပေးခဲ့သည်ဟု တင်ပြချက်အရသိရသည်။ ယင်းပီစဆို သေနတ်အား ကယားပြည်နယ်၊ ဒီမော်ဆိုမြို့တွင်နေထိုင်သည့် ဦးမူးဒို မှမူးယစ်ဆေးဝါးရောင်းချသူများကို ပေးခဲ့သည်။ စစ်ဆေးရေးပြုလုပ်ပြီးနောက်တွင် မူးယစ်ဆေးဝါးရောင်းချသူများကို တောင်ငူခရိုင်ရှိ KNU ရုံးသို့ ပို့ဆောင်ခဲ့သည်။
*(ဓာတ်ပုံ -KHRG)*

တောင်ငူခရိုင်မှ KHRG သတင်းမှတ်တမ်းပြုသူများ၏ရေးသားတင်ပြသော နောက်ဆုံးရအခြေအနေတင်ပြချက် အစီရင်ခံစာသုံးစောင်မှ ပါရှိသောအချက်အလက်များအရ ၂၀၁၆ ခုနှစ်အတွင်း KNLA မှ ခလယ်လာလမ်းမ တစ်လျှောက်ရှိ ၎င်းတို့၏စစ်ဆေးရေးဂိတ်များတွင် မြင်းဆေး (methamphetamine) မူးယစ်ဆေးပြားများကို နှစ်ကြိမ် ဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် ၂၀၁၆ ခုနှစ်၊ ဖွန်လ ၃၀ ရက်နေ့တွင် KNLA မှ မူးယစ်ဆေးဝါးရောင်းဝယ်သူများကို ဖမ်းဆီးရမိခဲ့ပြီး တန်ဖိုး သန်း ၄၀၀ ကျပ်ရှိသောမူးယစ်ဆေးဝါးများကို သိမ်းဆည်းခဲ့သည်။ ထို့နောက် ထိုသိမ်းဆည်းခဲ့ သည့်မူးယစ်ဆေးဝါးများအား ၎င်းတို့မှမီးရှို့ဖျက်ဆီးခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၀ ရက်နေ့ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ လိပ်သိုမြို့၊ သောက်ရေခပ်ကျေးရွာတွင်လည်း KNU အာဏာပိုင်များက မူးယစ်ဆေးဝါး ရောင်းချသူများကို ထပ်မံ၍ဖမ်းဆီးရမိခဲ့သည်။

## အခွန်ကောက်ခံခြင်း

တောင်ငူခရိုင်၊ ထန်းတစ်ပင်မြို့နယ်၊ အ--- ကျေးရွာတွင် နေထိုင်သည့် ၅၂ နှစ် အသက်ရွယ်ရှိသော စောဟ--- ၏ ထွက်ဆိုချက်အရ-

*"သူတို့ [KNU] တွေက [အခွန်တွေ] အများကြီးတောင်းခံတယ်။ နှစ်တိုင်းသူတို့ကိုပေးရတယ်။ ကျွန်တော်တို့က ဖာလာ နဲ့ ဆိုင်ကယ်အတွက် သူတို့ကို [အခွန်]ဆောင်ရတယ်။ KNLA ကလည်း ကျွန်တော်တို့ကို ငွေကြေးတောင်းခံ တယ်။ သူတို့ [ရွာသား] တွေက ဖာလာနဲ့ ဆိုင်ကယ်အခွန်ကိုပဲ အဓိကစောကာဒ တက်ကြတာ။ သူတို့ [ရွာသား] တွေက သူတို့ရဲ့ကျေးရွာလူကြီးတွေကို အပေါ်က [KNU] ခေါင်းဆောင်တွေနဲ့အစည်းအဝေးမှာ သွားတွေ့တဲ့အခါ ဆိုရင် သူတို့အတွက် ဒီကိစ္စကိုထည့်သွင်းဆွေးနွေးပေးဖို့ အမြဲတမ်းပဲပြောတယ်။ သူတို့က [ဖာလာ နဲ့ ဆိုင်ကယ်ကို] အဆင့်နှစ်ဆင့်အနေနဲ့ အခွန်ကောက်တယ်။ ဦးစွာ သူတို့ကကျေးရွာအဆင့်အနေနဲ့တောင်းတယ်။ နောက်တစ်ဆင့် ကြတော့ စစ်ဆေးရေးဂိတ်တွေမှာ တောင်းတယ်။"*

စောဟ--- ပြောပြသည်မှာ အခွန်ကောက်ခံခြင်းမှဖြစ်ပေါ်သော ငွေကြေးဆိုင်ရာဝန်ထုပ်ဝန်ပိုးများကို လျှော့ချရန် ရွာသားများသည် အစိုးရအရာရှိများထံသို့ အမြဲတစေတောင်းခံလေ့ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ရွာသားများ ထံမှကောက်ခံသည့်အခွန်ပမာဏသည် ရွာသားတို့၏ဝင်ငွေနှင့်ကိုက်ညီမှုမရှိဟု ခံစားရသောကြောင့်ဖြစ်သည်။

ထို့အပြင် အခွန်ကောက်ခံမှုစနစ်သည် ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် ထိုကောက်ခံရရှိသည့်အခွန်များအား မည်သို့ ပြန်လည်အသုံးချသည်ကို ရှင်းရှင်းလင်းလင်းမတွေ့ရဟု ရွာသားများက ၎င်းတို့၏ခံစားချက်ကိုပြောကြသည်။ KNU မှကောက်ခံသည့်အခွန်များထဲတွင် ဆိုင်ကယ်အခွန်၊ ဖာလာအခွန်နှင့် တောင်ငူခရိုင်တစ်လျှောက်ရှိ KNUစစ်ဆေးရေး ဂိတ်များကိုဖြတ်သွားသည့်သူများအားလုံးပေးဆောင်ရသည့်ဂိတ်အခွန် စသည်ဖြင့်ပါဝင်သည်။ သံတောင်ကြီးမြို့နယ် အတွင်းနေထိုင်သည့်ရွာသားများသည် ဖာလာတစ်ပိဿာကို ၅၀၀ ကျပ်၊ ကိုယ်ရေးကိုယ်တာအတွက်သုံးသည့် ဆိုင်ကယ်တစ်စီးကို ၅၀၀၀ ကျပ်၊ တက်စီ (taxi) အငှားဆွဲသည့်ဆိုင်ကယ်တစ်စီးကို ၁၅၀၀၀ ကျပ်နှင့် သံတောင်ကြီး မြို့နယ်၊ ကျောက်ကန်ဒေသရှိ KNU စစ်ဆေးရေးဂိတ်များကို တစ်ခါဖြတ်သွားလျှင် ၅၀၀ကျပ် စသည့်အခွန်အသီး သီးကိုပေးဆောင်ရသည်။ ဤအခွန်များသည် ရွာသားများမှ ၎င်းတို့၏မိသားစုကိုထောက်ပံ့ရန်အတွက် အလုပ်မှရရှိ သည့်တစ်နေ့တာဝင်ငွေနှင့် ညီမျှသောကြောင့် ရွာသားများ၏မိသားစုစားဝတ်နေရေးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါ သည်။ တောင်ငူခရိုင်အတွင်းနေထိုင်ကြသော ရွာသားမြောက်များစွာသည် လယ်ယာဥယျာဉ်ခြံများဖြစ်သည့် ဖာလာခြံ များတွင် များသောအားဖြင့် လုပ်ကိုင်စားသောက်ကြပြီး ၎င်းတို့ရရှိသည့်တစ်နေ့တာဝင်ငွေသည် နည်းပါးခြင်းကြောင့် ယခုလက်ရှိအခွန်ကောက်ခံမှုသည် ရွာသားများ၏စားဝတ်နေရေးဖူလုံမှုအတွက် အခက်အခဲဖြစ်စေပါသည်။ KNU မှ

အခွန်အမျိုးအစားများစွာကိုကောက်ခံသော်ငြားလည်း ရွာသားများ၏အဆိုအရ ထိုကောက်ခံသည့်အခွန်သည် ပွင့်လင်းမြင်သာမှုမရှိပေ။ အဘယ်ကြောင့်ဆိုသော် ရွာသားများသည် KNU၏အခွန်ကောက်ခံမှုနည်းစနစ်များကို သိကျွမ်းနားလည်မှုမရှိခြင်း (သို့မဟုတ်) KNU၏အခွန်ကောက်ခံမှု မူဝါဒ (policy)ကို အသေးစိတ်ကျကျမသိရှိခြင်းကြောင့်ဖြစ်သည်။ KNU၏အခွန်များအား မည်သို့မည်ပုံပြန်လည်သုံးစွဲကြသည်ကို ပို၍ရှင်းလင်းစွာနားလည်သဘောပေါက်လာစေရန် တောင်ငူခရိုင်ရှိရွာသားများသည် ယခုလက်ရှိ KNU၏အခွန်ကောက်ခံမှု မူဝါဒ နှင့် ရွာသားများထံမှ ကောက်ခံထားသည့်အခွန်များအား မည်သို့နည်းဖြင့်ပြန်လည်သုံးစွဲသည့်အစီစဉ်များစသည်တို့ကို ရှင်းပြမည့်သင်တန်းများအား ရွာသားများကိုပို့ချပေးရန် တောင်းဆိုကြသည်။

ဒေသခံရွာသားများထံမှ အခွန်ကောက်ခံသူများမှာ KNU တစ်ဖွဲ့တည်းသာမဟုတ်ပါ။ တပ်မတော်၊ မြန်မာအစိုးရ နှင့် နယ်ခံကုမ္ပဏီများကလည်း ရွာသားများနှင့် ကုန်သည်နှစ်မျိုးစလုံးကိုအခွန်တောင်းခံကြသည်။ ဥပမာအရ ရွာသားများသည် ရာသီထွက်သီးနှံအခွန်အား ဘုရင့်နောင်စစ်တပ်စခန်းလက်အောက်ခံ အရာခံဗိုလ်နှင့် တပ်ကြပ်ကြီးသင်တန်းကျောင်းအဖွဲ့တို့ကိုပေးဆောင်ရန် စေခိုင်းခြင်းခံရသည်။ ထို့အပြင် ဇေကမ္ဘာကုမ္ပဏီမှ လတ်တလောတွင်လမ်းတစ်လမ်းကိုဆောက်လုပ်ခဲ့ရာ ထိုလမ်းမတွင်ဂိတ်ချထားပြီး လာသမျှယာဉ်သမားများကို ငွေကြေးကောက်ခံသည်။ ထိုစဉ် အစိုးရနှင့် KNU တို့၏ ရောယှက်အုပ်ချုပ်နယ်မြေများတွင်နေထိုင်ကြသည့် ရွာသားများသည် အစိုးရနှင့် KNU နှစ်ရပ်စလုံးကို အခွန်ပေးဆောင်ရခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုကြသည်။ စောဂ--- ပြောပြသည်မှာ-

*"ကျွန်တော့်ရဲ့အထင်ကတော့ ကျွန်တော်တို့က တောင်သူလယ်သမားတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့လယ်ယာတွေမှာပဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေထိုင်ပြီး လုပ်ကိုင်စားသောက်ချင်တယ်။... ဒါပေမဲ့ ကျွန်တော်တို့က ဒီအစိုးရနှစ်ရပ်စလုံး [KNU နဲ့ မြန်မာအစိုးရ] ရဲ့အောက်မှာရှိတဲ့အတွက် အကယ်၍သူတို့က ကျွန်တော်တို့ကိုလာပြီးတော့ အနှောင့်အယှက်လာပေး [အခွန်ကောက်] လို့ရှိရင် ကျွန်တော်တို့ရဲ့အတွက်တော့ အခက်အခဲဖြစ်စေတာပေါ့။ သူတို့လာ [အခွန်ကောက်]လို့ရှိရင် ကျွန်တော်တို့ရဲ့စိတ်ထဲမှာ စိုးရိမ်မှုများအပြည့်နဲ့ပဲ နဲနဲမှမပျော်နိုင်တော့ဘူး။ ကျွန်တော်စိုးရိမ်တာတစ်ခုက အကယ်၍ကျွန်တော်တို့ရဲ့လူ [KNU] ကကျွန်တော်တို့ကိုလာပြီးနှောင့်ယှက် [အခွန်ကောက်ခံ]လို့ရှိရင် နောက်တော့ အစိုးရလည်းပဲကျွန်တော်တို့ကိုလာပြီး နှောင့်ယှက်[အခွန်ကောက်ခံ]မှာပဲ။ အကယ်၍များ သူတို့နှစ်ဖွဲ့စလုံးလာပြီးနှောင့်ယှက် [အခွန်ကောက်ခံ]လို့ရှိရင် ကျွန်တော်တို့တွေအတွက်ကတော့ အရမ်းကိုလူကုန်ပမ်းကျပြီး စိတ်ပင်ပန်းရတော့မှာအမှန်ပဲ။"*






အထက်ဖော်ပြပါဓာတ်ပုံများကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ ကျောက်တိုင်လမ်းစုံတွင် ရိုက်ယူခဲ့သည်။ ဖော်ပြပါပုံသည် သံတောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနအာဏာပိုင်များမှ ဆိုင်ကယ် (သို့မဟုတ်) ကားများဖြင့် ဖာလာသီးများသယ်ဆောင်လာသောကုန်သည်များအား အခွန်ကောက်ခံရန်အတွက် ထားရှိသည့်စစ်ဆေးရေးဂိတ်ဖြစ်သည်။ ဤစစ်ဆေးရေးဂိတ်များသည် အမြဲတမ်းတည်ရှိနေခြင်းမဟုတ်ပဲ အခြားမတူကွဲပြားသော နေရာဒေသအသီးသီးမှ ကုန်သည်များကိုအခွန်ကောက်ခံရန် များသောအားဖြင့် နေရာရွှေ့ပြောင်းလေ့ရှိကြသည်။ *(ဓာတ်ပုံ - KHRG)*

## ခွဲခြားဆက်ဆံမှု

၂၀၁၆ ခုနှစ်အတွင်း KHRG မှလက်ခံရရှိသည့်သတင်းအချက်အလက်များအရ တောင်ငူခရိုင်ရှိ မူဆလင်လူနေမှုအသိုက်အဝန်းအချို့သည် အခက်အခဲတားဆီးမှုများကြုံတွေ့ရသည်ကို ဖော်ပြထားသည်။ သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့သစ်အခြေအနေနှင့်ပတ်သက်၍ KHRGသတင်းမှတ်တမ်းပြုစုသူတစ်ဦး၏ အကျဉ်းချုပ်ပြောပြချက်အရ-

*"သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့သစ်မှာဆိုရင် မူဆလင်အပါအဝင် အခြားတိုင်းရင်းသားလူမျိုးစုတွေ အများကြီးနေထိုင်ကြတယ်။ အဲ့ဒီမှာနေထိုင်ကြတဲ့ မူဆလင်တွေက ခွဲခြားဆက်ဆံခံရပြီး သူတို့ကို ညီတူညီမျှမဆက်ဆံကြဘူး။"*

သံတောင်ကြီးမြို့နယ်တွင် နေထိုင်ကြသောမူဆလင်များသည် ရာဇဝတ်မှုများကိုကျူးလွန်သည်ဟု ၎င်းတို့၏ အိမ်နီးချင်းများနှင့် နယ်ခံအာဏာပိုင်နှစ်ရပ်စလုံး၏ မှန်ကန်မှုမရှိသည့်စွပ်စွဲခြင်းကိုခံရသည့်အပြင် ၎င်းတို့၏ဘာသာရေးဆိုင်ရာအစဉ်အလာပွဲများကို ပြုလုပ်ကျင်းပရန်အတွက် စိန်ခေါ်မှုများစွာကို ကြုံတွေ့ကြရသည်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် KHRGသတင်းမှတ်ပြုစုသူတစ်ဦး၏ တင်ပြချက်အရ-

*"၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှာ မူဆလင်တွေက တောင်ငူခရိုင်၊ သံတောင်မြို့သစ်မှာ သူတို့ရဲ့ အစဉ်အလာအရ ပွဲအခမ်းအနားကိုကျင်းပချင်ကြတယ်။ ဒီမူဆလင်ပွဲအခမ်းအနားကိုလာဖို့အတွက် မြို့ထဲဝင်လို့ရှိရင် [ဝင်ကြေးအတွက်] မူဆလင်အယောက်စီတိုင်းက တစ်ယောက်ကို ၂၀၀ ကျပ်ပေးရတယ်။"*

ယခင်က သံတောင်မြို့သစ်တွင် မူဆလင်များအပေါ်ခွဲခြားဆက်ဆံသည့်ဖြစ်ရပ် အထူးသဖြင့် ဦးမျိုးတင့်၏အပြုအမူနှင့်ပတ်သက်၍ KHRG မှတင်ပြခဲ့ပြီးဖြစ်သည်။ ရခိုင်ပြည်နယ် ရဲမှူးထမ်းဟောင်း တစ်ဦးဖြစ်သည့် ဦးမျိုးတင့်သည် ယခုတွင် လူဝင်မှုကြီးကြပ်ရေး (လဝက) မှူးတစ်ဦးဖြစ်သည့်အလျောက် ဘာသာရေးနှင့်ယဉ်ကျေးမှု ဦးစီးဥက္ကဌအဖြစ် မိမိကိုယ်မိမိရွေးချယ်တင်မြောက်ခဲ့ပြီး သံတောင်မြို့သစ်တွင်နေထိုင်ကြသောမူဆလင်များကို မြို့မှနှင်ထုတ်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ဦးမျိုးတင့်မှ မူဆလင် (၇) ဦးအား ၎င်းတို့၏ ဘာသာရေးအစဉ်အလာပွဲအပြီးတွင် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းရယူရန်အတွက် ကလေးများကိုခိုးခဲ့သည်ဟုစွပ်စွဲခဲ့သည်။ သို့သော်ငြားလည်း ဤကောလဟာလသည် အမှန်မဟုတ်ခဲ့ပေ။ မည်သို့ပင်ဆိုစေ ကျေးလက်ဒေသများတွင် နေထိုင်ကြသောသူများက မူဆလင်များအပေါ်တွင် ထိုကဲ့သို့ထင်မြင်ကြပြီး မူဆလင်များအပေါ် မကောင်းသောဂယက်ရိုက်ခတ်မှုများအသွင်ဆောင်စေပါသည်။ ဤစွပ်စွဲချက်သည် တိကျမှန်ကန်မှုမရှိသော်လည်း ဦးမျိုးတင့်မှ ဤအကြောင်းအရာအား သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးထံသို့တင်ပြခဲ့၍ အခြားဒေသမှလာကြသောမူဆလင်များကို သံတောင်မြို့သစ်တွင်ညအိပ်ခွင့်မပြုခဲ့ပါ။

မူဆလင်များသည် ခွဲခြားဆက်ဆံမှုတွေ့ကြုံခံစားရပြီး အခွင့်အရေးများတားဆီးပိတ်ပင်ခံထားရသည်မှာ တောင်ငူခရိုင်မှ သံတောင်ကြီးမြို့နယ်တစ်ခုတည်းပင်မဟုတ်ပါ။ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ ရေတာရှည် လေးကျေးရွာအုပ်စု၊ သစ်ချဆိပ်ကျေးရွာရှိနယ်ခံသံဃာတော်တစ်ပါးမှ ဆိုင်းဘုတ်တစ်ခုကိုစိုက်ထူထားပြီး ဆိုင်းဘုတ်ပေါ်တွင် ရပ်ရွာအတွင်းရှိဗုဒ္ဓဘာသာဝင်များမှ လိုက်နာရမည့်အချက် (၃)ချက် ပါရှိသည်။

*"၁) အစ္စလာမ်ဘာသာများ ညအိပ်ခွင့်မပြု။ ၂) အစ္စလာမ်ဘာသာများကို အိမ်ခြံမြေ ရောင်း/ဝယ် ငှားရမ်းခြင်းခွင့်မပြု။ ၃) အစ္စလာမ်ဘာသာများနှင့် လက်ထပ်ထိမ်းမြားခြင်း ခွင့်မပြု။"*

ဤစိုက်ထူထားသည့် ဆိုင်းဘုတ်နှင့်ပတ်သက်၍ အချို့ရွာသားများကသဘောမတူကြသော်လည်း သူတို့မဖယ်ရှားပဲ ဒီအတိုင်းထားခြင်းက ၎င်းတို့အပေါ်တုန့်ပြန်မှုတစုံတရာကျရောက်မည်ကို ကြောက်ရွံ့ကြခြင်းကြောင့်ဖြစ်သည်။




ဤဓာတ်ပုံကို ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ ရေတာရှည်လေးကျေးရွာအုပ်စု၊ သစ်ချဆိပ်ရွာတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ဤပုံတွင် ရွာသားများ၏အိမ်ရှေ့တွင် စိုက်ထူထားသော ဆိုင်းဘုတ်တစ်ခုကို ဖော်ပြထားပါသည်။ ထိုဆိုင်းဘုတ်တွင် မူဆလင်များကိုဆန့်ကျင်သည့်စည်းကမ်းချက်များကို ဖော်ပြထားသည်။ ထိုဆိုင်းဘုတ်၏ခေါင်းစဉ်မှာ အစ္စလာမ်ကင်းစင်နယ်မြေ ဖြစ်သည်ဟုဆိုသည်။ ထိုဆိုင်းဘုတ်တွင် မူဆလင်များအပေါ်ဆန့်ကျင်သည့် စည်းကမ်း (၃)ချက်ရေးထားပြီး နယ်ခံဗုဒ္ဓဘာသာဝင်များက လိုက်နာရမည်ဟုဆိုသည်။ (၁) အစ္စလာမ်ဘာသာများ ညအိပ်ခွင့်မပြု။ (၂) အစ္စလာမ်ဘာသာများကို အိမ်ခြံမြေ ရောင်း /ဝယ် ငှားရမ်းခြင်း ခွင့်မပြု။ (၃) အစ္စလာမ်ဘာသာဝင်များနှင့် လက်ထပ်ထိမ်းမြားခြင်း ခွင့်မပြု။ အချို့ရွာသားများက ထိုဆိုင်းဘုတ်ပါအချက်များနှင့် သဘောထား မကိုက်ညီဟုပြောကြသော်လည်း ၎င်းတို့အပေါ်တွင် တစုံတရာဖြစ်မည်စိုးရိမ်ကြသောကြောင့် ထိုဆိုင်းဘုတ်ကို မဖြုတ်ကြပေ။ ထိုဆိုင်းဘုတ်ကို ဒေသခံဘုန်းကြီးတစ်ပါးမှ စိုက်ထူထားသည်ဟုပြောကြသည်။ *(ဓာတ်ပုံ - KHRG)*

## ကျန်းမာရေးစောင့်ရှောက်မှု

ဆေးဝါးထောက်ပံ့မှုများနည်းပါးခြင်းနှင့် ကျန်းမာရေးလုပ်သားများလုံလောက်မှုမရှိခြင်းကြောင့် တောင်ငူခရိုင်ရှိ ရွာသားများသည် ကျန်းမာရေးဆိုင်ရာအခြေခံဝန်ဆောင်မှုများအား လက်လှမ်းမီရရှိရာတွင် အဟန့်အတားများစွာ ကြုံတွေ့ကြရသည်။ တောင်ငူခရိုင်အတွင်းတွင် မြန်မာအစိုးရနှင့် အစိုးရမဟုတ်သည့်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့အစည်းများမှ ကျန်းမာရေးဝန်ဆောင်မှုများနှင့် အဆောက်အဦးများကို တောင်ငူခရိုင်တစ်လျှောက် စီစဉ်ထောက်ပံ့ပေးကြသည်။

၂၀၁၆ ခုနှစ်တွင် KNU ထိန်းချုပ်နယ်မြေအတွင်း နေထိုင်ကြသည့်ရွာသားများသည် နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအဖွဲ့ (BPHWT)၊[8] Free Burma Ranger (FBR)၊[9] KNLA ဆေးအဖွဲ့၊ ကရင်နှစ်ခြင်းအသင်းတော် (KBC)အဖွဲ့ နှင့် နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုထောက်ပံ့ကူညီရေးအဖွဲ့ စသည့်အဖွဲ့အစည်းအသီးသီးထံမှ ကျန်းမာရေးဝန်ဆောင်မှုများကို ရရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ ဤကျန်းမာရေးဝန်ဆောင်မှုထောက်ပံ့စီစဉ်ပေးသူများသည် အထူးသဖြင့် ကျေးလက်ဒေသတွင်နေထိုင်သည့်ရွာသားများအတွက် လုံလောက်သည့်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများကို များသောအားဖြင့် ထောက်ပံ့နိုင်ခြင်းမရှိကြချေ။

၂၀၁၆ ခုနှစ်အတွင်း မြန်မာအစိုးရ၏ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများနှင့် ပတ်သက်၍ သံတောင်ကြီးမြို့နယ်တွင်နေထိုင်ကြသည့် ဆင်းရဲသောရွာသားများသည် အစိုးရ၏ကျမ်းမာရေးဝန်ဆောင်မှုများရရှိရန်မှာ အခက်အခဲများကို ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည်။ အချို့ကျေးလက်ဒေသများတွင် အစိုးရမှကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအဆောက်အဦးများကိုဆောက်ပေးခဲ့သော်လည်း ထိုအဆောက်အဦးတော်တော်များများသည် ကျန်းမာရေးလုပ်သားများနှင့် ဆေးဝါးထောက်ပံ့မှုများလုံလောက်မှုမရှိ၍ လည်ပတ်မှုမရှိပေ။ သံတောင်ကြီးမြို့နယ်ရှိ မြို့ပြဒေသများမှာလည်း ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ရေးပစ္စည်းများသည် လုံလောက်မှုမရှိပါ။ ထို့အပြင် ကျန်းမာရေးလုပ်သားများ၏ အလုပ်ပျက်ကွက်မှုများကြောင့် ရွာသားများက စောတကတက်ကြသည့်အပြင် ၎င်းတို့က မြန်မာအစိုးရ၏ကျန်းမာရေးလုပ်သားများနှင့် အလုပ်အတူတူတွဲလုပ်ရာတွင်လည်း စိန်ခေါ်မှုများစွာရင်ဆိုင်ကြရကြောင်းထောက်ပြကြသည်။

*"မြန်မာအစိုးရချပေးလိုက်တဲ့ကျန်းမာရေးလုပ်သားတွေက လူနာကိုကောင်းကောင်းမကုသပေးဘူး။ ပြီးတော့ အလုပ်ကိုကောင်းကောင်းမွန်မွန်မလုပ်ဘူး။ သူတို့လူနာကိုကုသဖို့ ဆေးလည်းမရှိဘူး။ တစ်ခါတစ်လေ သူတို့ ဆေးတွေကိုပဲလာပေးသွားပြီးတော့ သူတို့ရဲ့တာဝန်အရပြီးစလွယ်ပဲလုပ်ပြီး ပြန်သွားတယ်။ တချို့ဆိုရင် ရွာကိုတောင် မရောက်ဘူး [လာတုန်းမှာပဲ] ပြန်သွားတယ်။"*

သံတောင်ကြီးမြို့နယ်မှ အခြားရွာသားတစ်ဦး၏ သက်သေထွက်ဆိုချက်အရ-

*"ဆရာဝန်တွေက သူတို့ကို လက်ဖွဲ့လက်ဆောင်တွေလာပေးတဲ့ လူနာတွေကိုပဲ ပိုပြီးအရေးစိုက်ကြတယ်။ တကယ်လို့ လူနာက လက်ဆောင်မပေးနိုင်ဘူးဆိုရင် သူတို့ [ဆရာဝန်] သိပ်ပြီးတော့ဂရုမစိုက်ကြဘူး။ အပြင်ကလူနာတွေ ဆေးရုံကိုသွားလို့ရှိရင် ဆရာတွေက သူတို့ကိုဆေးလက်မှတ်ဝယ်ခိုင်းတယ်။"*

ဤအခက်အခဲများကြောင့် အချို့ရွာသားများသည် မသေသင့်ပဲအသက်ဆုံးရှုံးသွားကြသူများရှိသည်။ အဘယ်ကြောင့်ဆိုသော် ဆေးရုံ၌ ဆေးကုသမှုခံယူရန်အတွက် ၎င်းတို့မှာ ငွေကြေးမတတ်နိုင်သောကြောင့်ဖြစ်သည်။

[8] နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအဖွဲ့ (BPHWT)သည် မြန်မာပြည်တွင်းရှိ အိုးအိမ်းစွန့်ခွာနေရပ်ရွှေ့ပြောင်းနေထိုင်ရသော ပြည်သူများ၏ကျန်းမာရေးကို စောင့်ရှောက်ပေးနေသည့်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

[9] တပ်မတော်၏ တိုင်းရင်းသားနယ်မြေများအတွင်း ထိုးစစ်ဆင်မှုများကို တုန့်ပြန်သည့်အားဖြင့် တိုင်းရင်းသားလူမျိုးစုပေါင်းစုံဖြင့်ဖွဲ့စည်းထားသော လူသားခြင်းစာနာထောက်ထားမှုလူမှုကူညီရေးအသင်းတစ်ခုဖြစ်သည့် Free Burma Ranger (FBR) ကို ၁၉၉၇ ခုနှစ်တွင်စတင်ထူထောင်ခဲ့သည်။ ယင်းအဖွဲ့အစည်းသည် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု၊ အရိပ်အာဝါသခိုလှုံခွင့်၊ အစားရေစာနှင့် အဝတ်အစားများကို စစ်ပွဲပဋိပက္ခဖြစ်ပွားသည့်နယ်ပယ်ဒေသများရှိပြည်သူများအားထောက်ပံ့ပေးပြီး စစ်ပြေးရှောင်ပြည်သူများအားဦးစားပေး ထောက်ပံ့ပေးသည်။

ဤအခက်အခဲများကိုရင်ဆိုင်ရာတွင် ရွာသားများသည် ခေတ်ပေါ်ကျန်းမာရေးဝန်ဆောင်မှုများထက် မိရိုးဖလာတိုင်းရင်းဆေးကုနည်းများကို ပို၍လိုလားကြသည်။ ဥပမာအားဖြင့် KHRG သတင်းမှတ်တမ်းပြုစုသူတစ်ဦး၏တင်ပြချက်အရ အမျိုးသမီးများသည် သားဖွားရာ၌ ဒေသခံမိရိုးဖလာဝမ်းဆွဲများကိုသာ အသုံးပြုလိုကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကုန်ကျများသည့်သားဖွားနည်းလမ်းကို မတတ်နိုင်ခြင်းနှင့် ခေတ်ပေါ်ကျန်းမာရေးဝန်ဆောင်မှုများနှင့် အလှမ်းဝေးသောကြောင့်ဖြစ်သည်။ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ ရ--- ရွာမှ ရွာသူအမျိုးသမီးတစ်ဦး၏သားဖွားစဉ်အတွင်း အသက်ဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ KHRG သတင်းမှတ်တမ်းပြုစုသူများက တင်ပြခဲ့ဖူးသည်။

*"နော်က--- နဲ့ သူ့ရဲ့ဗိုက်ထဲမှာရှိတဲ့ကလေး နှစ်ယောက်စလုံးအသက်ဆုံးရှုံးသွားခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကအားမရှိဘူး၊ ပြီးတော့ သူနေတဲ့နေရာနဲ့ ဆေးရုံ၊ ဆေးခန်း ရှိတဲ့နေရာကအရမ်းဝေးတယ်။ နောက်တစ်မျိုးပြောရမယ်ဆိုလို့ရှိရင် သူ့မှာငွေရေးကြေးရေးပြဿနာကရှိတော့ ဆေးကုသခံယူဖို့ ငွေကြေးမတတ်နိုင်ဘူး။"*

ဆိုးကျိုးအားဖြင့် ဗိုက်ကြီးသည့်အမျိုးသမီးများသည် မိမိတို့လိုလားသည့် ကျန်းမာရေးဝန်ဆောင်မှုများအား ရွေးချယ်ရာတွင်လည်း အစိုးရ၏သားဖွားဝန်ဆောင်မှု၏ ကန့်သတ်မှုကိုခံကြရသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကို မိရိုးဖလာသားဖွားဝမ်းဆွဲအနေနှင့် သားဖွားမည်ဆိုလျှင် ကျပ်ငွေ ၅၀၀၀ မှ ၃၀၀၀၀ အထိ ဒါဏ်ငွေအဖြစ် တောင်းခံသွားမည်ဟုဆိုသည်။ ဤဒါဏ်ငွေများအား ပေးဆောင်ရခြင်းအားဖြင့် အစဉ်အလာအရကျင့်သုံးသည့် ခွဲခြားဆက်ဆံမှုမရှိသောကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီရရှိမည့်ရွာသားများ၏အခွင့်အရေးများကို ချိုးဖောက်ရာရောက်ပေသည်။




ဤဓာတ်ပုံများကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့သစ်တွင် ရိုက်ယူခဲ့သည်။ လက်ဝဲဘက်ရှိဓာတ်ပုံသည် KNLA ကျန်းမာရေးဌာနမှ ဆရာဝန်နေဆဲနှင့်သူ၏ဆေးအဖွဲ့မှ သံတောင်မြို့သစ်ဒေသရှိ ရွာသားများကို မျက်လုံးခွဲစိတ်ကုသပေးနေသည့်ပုံဖြစ်သည်။ လက်ယာဘက်ရှိပုံသည် KNLA ကျန်းမာရေးဌာနအဖွဲ့မှ ဆေးဝါးလာရောက်ကုသပြီးနောက် ရွာသားများကဓာတ်ပုံရိုက်နေကြသည့်ပုံဖြစ်သည်။ ယင်းအဖွဲ့မှ ရွာသားများကိုအခမဲ့ဆေးကုသပေးခဲ့သည်။ ယခင်က အခုလိုအလားတူဆေးကုသမှုမျိုးမရှိခဲ့ခြင်းကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဝန်ထမ်းများ အပါအဝင် ရွာသားအများအပြား ဆေးကုသမှုကို လာရောက်ခံယူကြသည်။ *(ဓာတ်ပုံ - KHRG)*

ဒေသခံရွာသားများသည် အဟန့်အတားများစွာကို အမျိုးမျိုးကြုံတွေ့ရခြင်းကြောင့် အများအားဖြင့် သူတို့သည် မိရိုးဖလာဆေးကုသနည်းကို ခေတ်ပေါ်ဆေးကုသနည်းထက်ပို၍အသုံးပြုကြသည်။ အဘယ်ကြောင့်ဆိုသော် မိရိုးဖလာဆေးကုသခြင်းကို ရရှိရန်ပို၍လွယ်ကူခြင်း၊ ခံယူရန်ပို၍ကုန်ကျသက်သာခြင်းနှင့် ရွာသားများအတွက်ပိုမို အားထားရသည့်ဝန်ဆောင်မှုတစ်ခုဖြစ်သည့်အတွက်ကြောင့်ဖြစ်သည်။ ဆေးဝါးထောက်ပံ့မှုလုံလောက်စွာမရှိခြင်းနှင့် ကျန်းမာရေးလုပ်သားများ၏ ကုသမှုအားနည်းခြင်းကြောင့် ယေဘုယျအားဖြင့် တောင်ငူခရိုင်တစ်လျှောက်ရှိ ကျေးလက်နေရွာသားများက ဆေးဝါးကုသခံယူမှုအား KNUထံ၌သော်လည်းကောင်း၊ မြန်မာအစိုးရထံ၌သော်လည်း ကောင်း ပြည့်ဝလုံလောက်စွာမရရှိကြချေ။ ထို့ကြောင့် ရွာသားများသည် ၎င်းတို့ဖျားနာသောအချိန်တွင် ၎င်းတို့နှင့်နီး သောဆေးဆိုင်များတွင်သာ ဆေးဝါးများကိုဝယ်ယူသုံးစွဲကြရသည်။

တောင်ငူခရိုင်အတွင်းရှိ ကျန်းမာရေးဝန်ဆောင်မှုများကို ပိုမိုတိုးတက်ကောင်းမွန်လိုလျှင် ခွဲခြားဆက်ဆံမှုမရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများအား အယောက်စီတိုင်းလက်ခံရရှိရန်နှင့် ရွာသားများလိုလား သည့်မိရိုးဖလာအစဉ်အလာဆေးကုသမှုအားလေးစားရန် သက်ဆိုင်သူများအားလုံးကသေချာအောင် လုပ်ဆောင်ရန် လိုအပ်သည်။ ထို့အပြင် သက်ဆိုင်သူများအားလုံးက ယခုလက်ရှိအသုံးပြုသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပစ္စည်းများအား ကျန်းမာရေးလုပ်သားများနှင့်တကွ ပြည့်စုံစွာစီစဉ်ရန်လိုအပ်ပြီး ဆေးဝါးထောက်ပံ့မှုများကို အချိန်နှင့် တပြေးညီ ရွာသားများလက်လှမ်းမှီရရှိရန် သေချာအောင်လုပ်ဆောင်ရန်လိုအပ်သည်။

## ပညာရေး

၂၀၁၂ ပဏာမအပစ်အခတ်ရပ်စဲရေးနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အား လက်မှတ်ရေးထိုးခဲ့သည့်အချိန်မှစ၍ လူ့အခွင့်အရေးချိုးဖောက်မှုများလျော့နည်းလာသည်ရှိလင့်ကစား ကျောင်းအ ဆောက်အဦးများလိုအပ်ချက်များရှိခြင်းနှင့် ဆောက်လုပ်ပြုပြင်မည့်ကုန်ကျငွေများအား လက်လှမ်းမမှီနိုင်ခြင်း၊ ပညာရေးနှင့် ကျောင်းဆရာ/မများအရည်အသွေးမမှီခြင်းနှင့်ရိုးရာယဉ်ကျေးမှုနှင့်သင့်လျော်သောပညာရေးတစ်ရပ် အားဖော်ဆောင်ရာတွင် အဟန့်အတားများရှိနေခြင်းကြောင့် တောင်ငူခရိုင်ရှိပညာရေးအခြေအနေသည် ကြီးကြီးမားမားတိုးတက် လာခြင်းမရှိသေးပါ။

တောင်ငူခရိုင်တွင် အဓိကကျောင်းအမျိုးအစား (၃) မျိုးရှိသည်။ ၎င်းတို့မှာ KNU ကျောင်း၊ မြန်မာအစိုးရကျောင်းနှင့် ကိုယ်ထူကိုယ်ထကျောင်းများဖြစ်ကြသည်။ သံတောင်ကြီးမြို့နယ်နှင့် ထန်းတစ်ပင်မြို့နယ်ရှိ ဒေသခံပြည်သူများသည် ကျောင်းထောက်ပံ့မှုများကို အမျိုးတဖုံရရှိကြပြီး မြန်မာအစိုးရထံ၌သော်လည်းကောင်း၊ KNUထံ၌သော်လည်း ကောင်း၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများထံ၌သော်လည်းကောင်း ငွေကြေးထောက်ပံ့ကူညီမှုများကို ရရှိကြသည်။ သို့သော် ယင်းထောက်ပံ့ကူညီမှုသည် များသောအားဖြင့်လုံလောက်မှုမရှိပါ။ အခကြေးငွေနှင့်ပတ်သက်၍ ဖော်ပြပါမတူကွဲပြားသည့်ကျောင်းသုံးမျိုးမှ ကျောင်းဆရာများရရှိသည့်ကူညီထောက်ပံ့မှုသည် ကွဲပြားခြားနားပါသည်။ မြန်မာအစိုးရကျောင်းမှကျောင်းဆရာများသည် အစိုးရထံမှလစာရရှိပြီး KNUကျောင်းဆရာများသည် ကရင်ပညာရေး ဌာန (KED)မှ မုန့်ဖိုးထောက်ပံ့ကြေးငွေနှင့်တကွ အစားအစာနှင့်နေရာထိုင်ခင်းများကို ရွာသားများကစီစဉ်ပေး သည်။

တောင်ငူခရိုင်ရှိ မိဘများသည် ၎င်းတို့၏သားသမီးများကို အထူးသဖြင့် မြန်မာအစိုးရကျောင်းများတွင် ပညာသင် ကြားရန်အတွက် ငွေကြေးအခက်အခဲစိန်ခေါ်မှုများအား ကြုံတွေ့ကြသည်။ ခြားနားစွာပင် KNUကျောင်းတွင် ပညာသင်ယူကြသည့်ကျောင်းသားများသည် KED၏ထောက်ပံ့မှုကို ပြည့်ဝစွာရရှိကြပြီး မြန်မာအစိုးရ၏ အချို့ကျောင်းများတွင် ပညာသင်ယူကြသည့်ကျောင်းသားများမှာ အခမဲ့ပညာရေးမရရှိကြချေ။ ထို့အပြင် ၂၀၁၆

ခုနှစ်တွင် ကျောင်းမှကျောင်းသားမိဘများအပေါ် ငွေကြေးတောင်းခံမှုများသည် ပို၍များလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာအစိုးရကျောင်းများသည် ပုံမှန်အားဖြင့် ဆရာ/များ၏ ခရီးသွားစရိတ်၊ ခန့်အပ်ခ၊ အတန်းအချိန်ပိုခနှင့် ကျောင်းထောက်ပံ့ရေးပစ္စည်းများ စသည့်တရားဝင်မဟုတ်သော ကုန်ကျစရိတ်များကို ကျောင်းသားများထံ တောင်းခံကြသောကြောင့်ဖြစ်သည်။ သို့ဖြစ်၍ အချို့မိခင်များသည် ၎င်းတို့သားသမီးများ၏ ပညာရေးကိုအပြည့်အဝထောက်ပံ့ရန် မတတ်နိုင်ကြချေ။ ဥပမာအားဖြင့် သံတောင်ကြီးမြို့မှ ကျောင်းသား/သူ အယောက်စီတိုင်းသည် ကျပ်ငွေ ၅၀၀ မှ ၁၀၀၀ အထိ ၎င်းတို့ဆရာများ၏ ခရီးသွားစရိတ်များကိုထောက်ပံ့ပေးရသည့်အပြင် ကျောင်းဆရာများ၏ငှားရမ်းခနှင့် ကျောင်း၌ကျင်းပပြုလုပ်သည့် အခန်းအနားများအတွက်လည်း ငွေကြေးထောက်ပံ့မှုများ ပေးဆောင်ရသည်။ ထို့အပြင် မြန်မာအစိုးရကျောင်းတွင်တက်ရောက်နေသည့်ကျောင်းသားများသည် မှတ်စုစာအုပ်များ၊ ပုံနှိပ်စာအုပ်များနှင့် အခြားသင်ထောက်ကူပစ္စည်းများကို မိမိဘာသာဝယ်ယူရသည်။ အချို့အခြေခံမူလတန်းကျောင်းများတွင် ကျောင်းသားများ ကျောင်းပစ္စည်းများကိုအခမဲ့ရရှိကြသော်လည်း ဤထောက်ပံ့မှုသည် ယေဘုယျအားဖြင့် အကန့်အသ သတ်ရှိပြီး လုံလောက်မှုမရှိပေ။

ငွေရေးကြေးရေးအခက်အခဲများနှင့် ပညာရေးအရည်အသွေးညီမျှမှုမရှိခြင်းသည် တောင်ငူခရိုင်ရှိ မူလတန်းအဆင့်ထက်ကျော်လွန်သောကျောင်းသားများအတွက် အရည်အသွေးပြည့်မီသော ပညာရေးတစ်ရပ်အား လက်လှမ်းမီနိုင်ရန် ကာစည်းထားသည့်အရာတစ်ခုဖြစ်သည်။ အစိုးရမှ ခန့်အပ်ထားသောကျောင်းဆရာများသည် စာသင်ကြားရာတွင် စိတ်အားထက်သန်မှုနည်းပါးခြင်း၊ မိမိတို့၏အရပ်ရှိမိသားစုများနှင့် မကြာခဏပြန်လည်တွေ့ဆုံခြင်းနှင့် သံတောင်ကြီးမြို့နယ်ပညာရေးမှူးကဲ့သို့သော အစိုးရအကြီးအကဲများ၏ အစည်းအဝေးဖိတ်ခေါ်မှုများကိုတက်ရောက်ရခြင်းကြောင့် အတန်းစာသင်ချိန်ကို မကြာခဏပျက်ကွက်ကြသည်။ ဤပျက်ကွက်မှုများကြောင့် ကျောင်းသားများ၏ ပညာသင်ကြားရေး အထူးသဖြင့် စတုတ္ထတန်း၊ အဋ္ဌမတန်း နှင့် နဝမတန်း စသောမြန်မာအစိုးရစစ်စာမေးပွဲဖြေဆိုရမည့်ကျောင်းသားများအတွက် အနှောင့်အယှက်များ နှင့် စိန်ခေါ်မှုများဖြစ်ပေါ်စေပါသည်။ ဤအစိုးရစစ်စာမေးပွဲကိုအောင်ရန် ကျောင်းသားများမှာ အခက်အခဲများရှိသဖြင့် အချို့ဆရာ/မများသည် ပုဂ္ဂလိကကျူရှင်အတန်းများကို သူတို့၏အိမ်တွင်ဖွင့်လှစ်သင်ကြားကြသည်။ ယင်းကျူရှင်ဖွင့်လှစ်ကြသည့် ဆရာများသည် အဋ္ဌမတန်းနှင့် နဝမတန်းကျောင်းသားများထံမှ တစ်နှစ်တာကျူရှင်ခအတွက် ကျောင်းသားတစ်ဦးကို ၃၀၀၀၀ ကျပ်နှင့် ၆၀၀၀၀ ကျပ်အကြားရှိ ငွေပမာဏအားရရှိသည်။ KHRG ဒေသအဖွဲ့ဝင်များ၏ထောက်ပြချက်အရ ပုဂ္ဂလိကကျူရှင်အတန်းများဖွင့်လှစ်ခြင်းသည် ပညာရေးတွင် ကျောင်းသူ/သားများအတွက် ပညာရေးဆိုင်ရာအခွင့်အရေးများနှင့် ၎င်းတို့၏ရလဒ်များသည် တစ်ဦးနှင့်တစ်ဦး မတူညီကြချေ။ အဘယ်ကြောင့်ဆိုသော် ကျောင်းသားတော်တော်များများသည် အချိန်ပိုကျူရှင်အတန်းကို တက်ရောက်ရန်အတွက် ငွေကြေးအခက်အခဲများရှိသောကြောင့်ဖြစ်သည်။ သို့ဖြစ်၍ သည်လို ပုဂ္ဂလိကကျူရှင်အတန်းများ ဖွင့်လှစ်ခြင်းအားဖြင့် အတန်းပညာရေးတွင် မကောင်းသောသက်ရောက်မှုများ ဖြစ်ပေါ်စေသည်။

> *"ဒီပုဂ္ဂလိကကျူရှင်တွေကြောင့် ကျောင်းဆရာ/မတွေက သူတို့ဖွင့်ထားတဲ့ကျူရှင်ကိုပဲ ပိုပြီးတော့အာရုံစိုက်ကြပြီး ကျန်ရှိတဲ့ကျောင်းသားတွေအားလုံးကို [ကျောင်းအတန်းချိန်မှာ] အရေးမစိုက်ကြဘူးလို့ ခံစားရတယ်။"*

သက်ရောက်မှုရလဒ်အားဖြင့် အချို့ကျောင်းသားမိဘများသည် ၎င်းတို့၏သားသမီးများကို ကျောင်းထုတ်ခဲ့ကြသည်။ ပညာရေးကို ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့်အခြားပြဿနာရပ်များမှာ ကျေးလက်ဒေသရှိ အစိုးရကျောင်းများတွင် လူသားအရင်းအမြစ်အားနည်းခြင်းနှင့် ထွက်သွားသောဆရာ/မများ၏နေရာတွင် အစားထိုးခန့်အပ်သင်ကြားပေးမည့်အခြားဆရာ/မများ မရှိခြင်းကြောင့်ဖြစ်သည်။ မြို့ပြဒေသများရှိ ကျောင်းများမှာလည်း လူသားအရင်းအမြစ်များပြည့်ဝမှုမရှိသည့်အပြင် ဆင်းရဲသောကျောင်းအဆောက်အဦးများကြောင့် ပညာသင်ကြားရာတွင် ကြပ်ကြပ်တည်း

တည်း ပညာသင်ကြားကြရသည်။ ထို့အပြင် ရွာသားများသည် မြန်မာအစိုးရပညာရေးဌာနများနှင့် ထိတွေ့ဆက်ဆံမှု အားနည်းကြသည်။ ရွာသားများသည် ပညာရေးဌာနအတွင်း အကတိလိုက်စားမှုနှင့်ပတ်သက်၍ ၎င်းတို့၏စိုးရိမ်ပူပန်မှုများကိုတင်ပြခဲ့ကြပြီး မူလတန်းကျောင်းများကိုဆောက်လုပ်ရာတွင် လုံလောက်မှုမရှိခြင်းနှင့်ပတ်သက်၍ သံတောင်ကြီးမြို့နယ်ပညာရေးဦးစီးဌာနမှူး၏စီမံခန့်ခွဲရေးအားနည်းမှုကို ရွာသားများကစောတကကတက် တိုင်ကြားကြသည်။

သံတောင်ကြီးမြို့နယ်အတွင်းရှိ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်စခန်းများမှကလေးများအတွက် ကျောင်းများဆောက်လုပ်ရန် KNUသော်လည်းကောင်း၊ မြန်မာအစိုးရသော်လည်းကောင်း အစိုးရနှစ်ရပ်လုံး၏ထံမှရရှိသောငွေကြေးအရင်းအနှီးများသည် လုံလောက်မှုမရှိသောကြောင့် ပညာရေးလက်လှမ်းမှီမှုတွင် ကြီးမားသောအခက်အခဲအတားအဆီးများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ဤအခြေအနေကြောင့် ကျောင်းနေအရွယ်ကလေးအများအပြားသည် ပညာရေးလက်လှမ်းမှီမှုအခွင့်အရေးကို ဆုံးရှုံးကြရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ဒေသအတွင်းရှိ KNU ကျောင်းများသည် အများအားဖြင့် ၎င်းတို့နှင့်အလှမ်းဝေးသောကြောင့် ဖြစ်သည်။

သို့သော်ငြားလည်း ဤခက်ခဲသောအခြေအနေများကိုရင်ဆိုင်ရန်အတွက် ရွာသားများသည် ကိုယ်ထူကိုယ်ထကျောင်းများကိုဆောက်လုပ်၍ ကလေးများသည် အနည်းဆုံးအခြေခံပညာရေးကိုရရှိကြသည်။ အချို့သောကိုယ်ထူကိုယ်ထကျောင်းများသည် KED မှထောက်ပံ့သည့် ဘောပင်၊ ခဲတံ၊ မှတ်စုစာအုပ်များနှင့် ပုံနှိပ်စာအုပ်များကို လက်ခံရရှိသော်လည်း အတော်များများသည် ကျောင်းဆရာ/မများကို ငှားရမ်းရန် ရုန်းကုန်ကြရသည်။



ဤဓာတ်ပုံကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရိုက်ယူခဲ့ခြင်းဖြစ်ပြီး တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ ခူပြောင်ကျေးရွာရှိ မြန်မာအစိုးရ အခြေခံပညာမူလတန်းကျောင်း၏ပုံဖြစ်သည်။ ဤကျောင်းသည် ယခင်က ဒေသခံရွာသားများထောက်ပံ့ပေးခဲ့သည့် ကိုယ်ထူကိုယ်ထကျောင်းဖြစ်သည်။ ကျောင်းသည် ဟောင်းနွမ်းနေပြီဖြစ်၍ ပြန်လည်ပြုပြင်မွမ်းမံရန်လိုအပ်သောကြောင့် ရွာသားများသည် ဤကျောင်းအားပြန်လည်ပြုပြင်ရန် မြန်မာအစိုးရထံသို့ သုံးကြိမ်ထက်မနည်းတင်ပြတောင်းဆိုကြသည်။ သို့သော်ငြားလည်း မြန်မာအစိုးရထံမှ အကြောင်းပြန်ချက် တစုံတရာမရရှိခဲ့ချေ။



ဤဓာတ်ပုံကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ရိုက်ယူခဲ့ခြင်းဖြစ်ပြီး တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ လိပ်သိုမြို့၊ မာဒေးရွာရှိ မူလတန်းကျောင်းခွဲ၏ ပုံကိုဖော်ပြထားခြင်းဖြစ်သည်။ ဤကျောင်းကို တည်ဆောက်ရန် ရွာသားများသည် ပြည်နယ်ပညာရေးဦးစီးဌာနထံသို့ ကျောင်းအဆောက်အဦးနှင့်ပတ်သက်၍ တင်ပြခဲ့ကြပြီး ငွေကြေးထောက်ပံ့မှုရရှိရန် လျှောက်တင်ခဲ့သည်။ သို့သော် ပြည်နယ်ပညာရေးဦးစီးဌာနမှ ထောက်ပံ့မှုတစုံတရာမပေးခဲ့ပါ။ ထို့ကြောင့် ရွာသားများသည် မိမိတို့ကိုယ်တိုင် ကျောင်းကိုတည်ဆောက်ခဲ့သည်။ *(ဓာတ်ပုံ - KHRG)*



ဤဓာတ်ပုံကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ မိုင်လုံကျေးရွာ အုပ်စု၊ မာဒေးရွာတွင် ရိုက်ယူခဲ့ခြင်းဖြစ်ပြီး ပျက်ဆီးယိုယွင်းနေသောကျောင်းတစ်ကျောင်း၏ ပုံကိုဖော်ပြထားခြင်းဖြစ်သည်။ အချို့သောကျောင်းများသည် ပြုပြင်ထားခြင်းရှိသော်လည်း ဤပုံတွင် ဖော်ပြထားသည့်ကျောင်းမှာ ကျန်အခြားကျောင်းများကဲ့သို့ ပြုပြင်မွမ်းမံထားခြင်းမရှိချေ။ *(ဓာတ်ပုံ - KHRG)*

ဤအခြေအနေများတွင် ရွာသားများသည် တစ်ခါတစ်ရံ ၎င်းတို့၏ရပ်ရွာများအတွင်း ကျောင်းများကိုတည်ဆောက်ရန် ရွေးချယ်ကြပြီး နီးစပ်ရာရွာများနှင့် ပေါင်းစပ်အလုပ်လုပ်၍ အခြေခံပညာမူလတန်းကျောင်းများကို တည်ဆောက်ကြသည်။ ဥပမာအားဖြင့် ထုံးဘိုဒေသအနီးရှိ ကျေးရွာပေါင်း (၁၈) ရွာသည် ကိုယ်ထူကိုယ်ထကျောင်း (၃) လုံးကို တည်ဆောက်ရန် အတူတကွပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။

ထို့အပြင် ရွာသားများသည် ၎င်းတို့၏ယဉ်ကျေးမှုလက္ခဏာများကို ထိန်းသိမ်းကာကွယ်လိုသည့်အားလျော်စွာ ကရင့်သမိုင်း၊ စာပေယဉ်ကျေးမှုနှင့်ဘာသာစကားများကို ကျောင်းများတွင်ထည့်သွင်းသင်ကြားခြင်းသည် ၎င်းတို့အတွက် မည်သို့အရေးကြီးကြောင်းကို ရွာသားများ၏သက်သေထွက်ဆိုချက်များက မီးမောင်းထိုးဖော်ပြထားပါသည်။ သို့သော်ငြားလည်း ယခုလက်ရှိမြန်မာအစိုးရ၏မူဝါဒလမ်းကြောင်းအောက်တွင် ဒေသခံပြည်သူများ၏ ယဉ်ကျေးမှုနှင့်သင့်မြတ်သောပညာရေးတစ်ရပ်အား သင်ကြားပိုင်ခွင့်မရရှိပေ။ အဘယ်ကြောင့်ဆိုသော် မိခင်ဘာသာစကားပညာရေးအား ပြည့်ဝသောထောက်ပံ့အားပေးမှု မရှိခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် မြန်မာအစိုးရမှ နိုင်ငံတကာကတိကဝတ်များဖြစ်သည့် UN Declaration on the Rights of Indigenous Peoples (UNDRIP) မှချမှတ်ထားသော ပုဒ်မအမှတ်(၁၄)[10] ၏ မိခင်ဘာသာစကားသင်ကြားပိုင်ခွင့်ပညာရေးအခွင့်အရေးကို ချိုးဖောက်ရာရောက်ပေသည်။ မြန်မာအစိုးရကျောင်းများတွင် တရားဝင်ကျောင်းစာသင်ချိန်အတွင်း ကရင်ဘာသာစကားကိုသင်ကြားခြင်းမရှိပဲ ပညာရေးသင်ရိုးညွှန်းတန်းတွင်လည်း ထည့်သွင်းထားခြင်းမရှိချေ။ ထို့ကြောင့် မြန်မာအစိုးရကျောင်းတွင် ပညာတက်ရောက်သင်ကြားနေသည့်ကလေးများသည် မိမိတို့၏မိခင်ဘာသာစကားဖြစ်သည့် ကရင်စကားနှင့် ကရင့်စာပေကို ရေလည်စွာ ရေး၊ ဆို၊ ဖတ်တတ်ခြင်းမရှိတော့ပေ။ ကရင်ဘာသာသင်ကြားပေးသည့်ဆရာများမှာလည်း တောင်ငူခရိုင်ရှိ မြန်မာအစိုးရပညာရေးမှူးများမှ ကျောင်းဆရာလစာပေးမည်ဟု ကတိပေးပြောဆိုမှုတွေရှိလင့်ကစား လက်တွေ့မှာမူ ၎င်းတို့သည် မြန်မာအစိုးရထံမှကျောင်းဆရာလစာမရရှိဟု တင်ပြခဲ့ကြသည်။

တောင်ငူခရိုင်၏ပညာရေးအခြေအနေကို အားလုံးခြုံငုံကြည့်လိုက်ပါက တိုးတက်မှုအနည်းငယ်မျှသာတွေ့ရှိရပါသည်။ အထူးသဖြင့် အိုးအိမ်စွန့်ခွာနေရပ်ရွှေ့ပြောင်းနေရသည့်ကလေးများအတွက် ကျောင်းများလုံလောက်မှုမရှိခြင်းနှင့် မူလနဂိုရှိပြီးသားကျောင်းများမှာလည်း လူကျပ်ခြင်းနှင့် ကျောင်းများသည် ကောင်းမွန်စွာမဆောက်လုပ်ထား

[10] UNDRIP ပုဒ်မ (၁၄) အရ "ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ပညာရေးစနစ်အား မိမိဘာသာ ထူထောင်ခွင့်ရှိပြီး မိမိတို့၏ ဘာသာစကားဖြင့် ပညာရေး သင်ကြားမှုစနစ်တွင် ရိုးရာအစဉ်အလာနှင့် ကိုက်ညီသည့် ပညာရေးတစ်ရပ်အား ကျင့်သုံးပိုင်ခွင့်ရှိသည်။"

၍ ပြုပြင်ရန်လိုအပ်ခြင်း (သို့မဟုတ်) ကျောင်းများသည် ရွာသားများနှင့်အလှမ်းဝေးသောနေရာတွင်တည်ရှိကြသည်။ တောင်ငူခရိုင်ရှိ မြန်မာအစိုးရပညာရေးဦးဌာနအတွင်း၌ အကတိလိုက်စားမှုများ တစိတ်တပိုင်းရှိခဲ့ခြင်းကြောင့် ၂၀၁၆ ခုနှစ်အတွင်း လိုအပ်သည့် ခြေခံပညာမူလတန်းကျောင်းများအားလုံးပြီးစီးအောင် ဆောက်လုပ်နိုင်ခဲ့ခြင်း မရှိသဖြင့် သံတောင်ကြီးမြို့နယ် အစိုးရပညာရေးမှူး၏စီမံခန့်ခွဲမှုသည် အားနည်းနေသည်ကိုတွေ့ရသည်။ ဤစိန်ခေါ်မှုများ ရှိသည့်အပြင် ကျောင်းသားများအခြေခံပညာရေးတွင် လက်လှမ်းမှီရန်အတွက် တောင်ငူခရိုင်အတွင်းရှိ အချို့သော ကျေးလက်ဒေသများတွင် ရွာသားများမှ ကိုယ်ထူကိုယ်ထကျောင်းများကို ကိုယ်တိုင်ဆောက်လုပ်ခဲ့ကြသည်။

ထို့အပြင် ဆရာများကျောင်းမှအနားယူခြင်းနှင့် စာသင်ချိန်အတန်းမကြာခဏပျက်ကွက်ခြင်းသည် ကျေးလက်ဒေသမှာသော်လည်းကောင်း မြို့ပြဒေသမှာသော်လည်းကောင်း ကျောင်းသား/သူများ၏ပညာသင်ကြားရေးကို အနှောင့်အယှက်ဖြစ်စေပါသည်။ ဆရာများ၏ညံ့ဖျင်းသောပညာရေးဝန်ဆောင်မှုများကိုရင်ဆိုင်ရန် အစိုးရစာမေးပွဲများအောင်လိုသည့်ကလေးများသည် ပုဂ္ဂလိကကျူရှင်ကိုတက်ရောက်ရန် ဖိအားပေးခြင်းကိုခံရပါသည်။ သို့သော် ယင်းကျူရှင်အတန်းများသည် ကုန်ကျများပြီး ငွေကြေးမတတ်နိုင်သောကလေးများအတွက် ဆိုးကျိုးဖြစ်စေသည်။

## နိဂုံးချုပ်

၂၀၁၆ ခုနှစ်တွင် တောင်ငူခရိုင်အတွင်း ဖြစ်ပေါ်သောလူ့အခွင့်အရေးချိုးဖောက်မှုများသည် ရွာသားများနှင့် အာဏာရှိအင်အားကြီးပုဂ္ဂိုလ်များဖြစ်သော တပ်မတော်၊ မြန်မာအစိုးရနှင့် ပြည်တွင်းကုမ္ပဏီများ စသည့်လုပ်ဆောင်သူတို့အကြား မြေယာပဋိပက္ခနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိသည်။ ယင်းအာဏာရှိပုဂ္ဂိုလ်များသည် တောင်ငူခရိုင်အတွင်း မြေယာအသုံးချမှုနှင့်ပတ်သက်၍ ရွာသားများ၏ဦးစားပေးမှု၊ မျှော်မှန်းချက်တို့နှင့် ထပ်တူထပ်မျှမရှိပါ။ ထို့အပြင် အာဏာရှိအင်အားကြီးပုဂ္ဂိုလ်များသည် ၎င်းတို့၏စစ်ရေးလှုပ်ရှားမှုများမပြုလုပ်မီနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကိုအကောင်အထည်မဖော်ဆောင်မီ လွတ်လပ်၍ကြိုတင်အသိပေးသဘောတူညီချက်ရယူခြင်း (FPIC)[11] ၏လုပ်ထုံးလုပ်နည်းကျင့်သုံးမှုမရှိပေ။ ထို့အစား ကောင်းမြန်မာအောင်ကုမ္ပဏီကဲ့သို့သော ပြည်တွင်းကုမ္ပဏီများသည် ရွာသားများ၏မြေယာသိမ်းဆည်းခြင်းဆန့်ကျင်မှုကိုကာကွယ်တားဆီးရန် တရားစွဲဆိုမှုများကိုမှီခိုအားထားခြင်းနှင့် ကနဦးမြေပိုင်ရှင်များကို နေရပ်ရွှေ့ပြောင်းနေထိုင်ရန်နှင့် ၎င်းတို့၏မြေယာအတွက်နစ်နာကြေးများအားလက်ခံရန် ကုမ္ပဏီများမှ ဖိအားပေးလုပ်ဆောင်ကြသည်။

မြန်မာအစိုးရ၏ မြေယာသုံးစွဲမှုမူဝါဒတွင် ပိုင်ဆိုင်မှုနည်းပါးသောလယ်သမားများအတွက် မြေယာလုပ်စားပိုင်ခွင့်အခွင့်အရေးများကို အသိအမှတ်ပြုထားသော်လည်း ဤအခွင့်အရေးများသည် ဆက်လက်၍ချိုးဖောက်ခြင်းခံရပြီး နောက်ဆက်တွဲသက်ရောက်မှုအနေဖြင့် မြောက်များစွာသောရွာသားတို့သည် သူတို့၏မြေယာများနှင့် အလုပ်အကိုင်လမ်းကြောင်းကိုဆုံးရှုံးနစ်နာခဲ့ရသည်။ ပိုင်ဆိုင်မှုနည်းပါးသော လယ်သမားများနှင့် ဌာနေတိုင်းရင်းသားလူမျိုးစုတို့၏ အခွင့်အရေးများကို လေးစားမှုပြုရန် မြန်မာအစိုးရ၊ ပြည်တွင်း ကုမ္ပဏီနှင့် တပ်မတော်တို့သည် သိမ်းဆည်းမြေများကို မူလပိုင်ရှင်ထံ ပြန်လည်အပ်နှံသင့်သည်၊ (သို့မဟုတ်) မြေယာအသိမ်းဆည်းခံထားရသည့် ပြည်သူများအတွက် လုံလောက်သောနစ်နာကြေးအား ပေးဆောင်သင့်သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)အား လက်မှတ်ရေးထိုးခဲ့ပြီးသော်လည်း ဒေသခံပြည်သူများ၏သွားလာလှုပ်ရှားနေထိုင်ရာ ဒေသအတွင်းစစ်တပ်စခန်းများ ဆက်လက်တည်ရှိခြင်း (သို့မဟုတ်)


---

[11] နိုင်ငံတကာစံချိန်စံညွှန်းဖြစ်သည့် လွတ်လပ်၍ကြိုတင်အသိပေးသဘောတူညီချက်ရယူခြင်း လုပ်ထုံးလုပ်နည်း (FPIC) သည် ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများနှင့် စပ်ဆက်မှုရှိပြီး ဆုံးဖြတ်ချက်ချရာတွင် လူမှုအသိုက်အဝန်းအပေါ် သက်ရောက်မှုရှိသည်။

ပြည်သူများက စစ်တပ်အပေါ် ယုံကြည်မှုလျော့နည်းလာခြင်းကြောင့် တောင်ငူခရိုင်အတွင်းဖြစ်ပျက်သောအခြားကြီးမားသည့်လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုမှာ စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုဖြစ်ပါသည်။ အကယ်၍ ယခုလက်ရှိဖြစ်ပေါ်သောငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိန်းသိမ်းလိုလျှင် လက်နက်ကိုင်ဆောင်ထားသူများအားလုံးသည် NCA စည်းမျဉ်းစည်းကမ်းနှင့်အညီ ၎င်းတို့၏တပ်များနှင့်လက်နက်ခဲယမ်းများကို ဖြည့်တင်းလုပ်ဆောင်မှုမှရပ်ဆိုင်းခြင်း၊ စစ်ရေးလေ့ကျင့်မှုများနှင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းပြုမှုအတွက် အနှောင့်အယှက်ပေးစေမည့်နယ်မြေကင်းလှည့်မှုများကိုလျှော့ချခြင်းနှင့် ဒေသခံပြည်သူများအပေါ် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း စသည့် NCA စာချုပ်ထဲတွင် ပါရှိသောကတိကဝတ်များအတိုင်း အတင်းအကြပ်လိုက်နာဆောင်ရွက်ရမည်။ အနာဂါတ်ပဋိပက္ခများကိုရှောင်ရှားရန် လက်နက်ကိုင်ဆောင်ထားသူများအားလုံးအနေနှင့် အားလုံးသောတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများကို အပြန်အလှန်လေးစားသမှု ပြုရမည်ဖြစ်ပြီး တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးတစ်ရပ် ပေါ်ပေါက်လာရေးအတွက် သေချာအောင် လုပ်ဆောင်ရမည်ဖြစ်သည်။

ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ KNU၊ မြန်မာအစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်း များသည် တောင်ငူခရိုင်တစ်လျှောက်တွင် ၎င်းတို့၏လုပ်ငန်းဒေသများကို တိုးချဲ့လျက်ရှိသည်။ သို့သော်ငြားလည်း ရွာသားများသည် လုံလောက်ပြည့်ဝသောဆေးဝါးဆိုင်ရာကျန်းမာရေးဝန်ဆောင်မှုများ (သို့မဟုတ်) ကောင်းမွန်သောပညာရေးတစ်ရပ်ကိုလက်လှမ်းမီရရှိရန် အခက်အခဲများစွာရင်ဆိုင်ကြုံတွေ့ရဆဲဖြစ်သည်။ ဤအခြေအနေကို တိုးတက်ပြောင်းလဲရန် သက်ဆိုင်ရာပါဝင်လုပ်ဆောင်သူများအားလုံးက အရင်းအမြစ်များကိုတိုးမြှင့်ခြင်း၊ လူမှုအသိုက်အဝန်းအတွက် ပို၍အရည်အသွေးပြည့်ဝသော ဝန်ထမ်းများခန့်အပ်ထားခြင်း၊ လက်ရှိပကတိထောက်ပံ့ရေးပစ္စည်းများအား မြှင့်တင်ပေးခြင်းနှင့် အားနည်းချက်ရှိသောရွာသားများအပေါ် ခွဲခြားဆက်ဆံမှုများအားလျော့ချခြင်းစသည်ဖြင့် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ကေအဲန်ယူသတ်မှတ်ထားသော ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံအစိုးရသတ်မှတ်ထားသော တိုင်းနှင့်ပြည်နယ် နယ်နိမိတ်




ကရင်လူ့အခွင့်အရေးအဖွဲ့

## အသိပေးကြေညာချက်

ဤစာတမ်းကို ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊နယ်သာလန်၊ နယူးဇီလန်၊ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု နှင့်မစ်ဆူဘီရှိကော်ပိုရေးရှင်းတို့ထည့်ဝင်လှူဒါန်းထားသည့် LIFT ရန်ပုံငွေ၏ပံ့ပိုးမှုဖြင့် ဆောင်ရွက်သည်။ ယခုစာတမ်းတွင် ရေးသားဖော်ပြချက်များသည် LIFT အလှူရှင်များ၏ တရားဝင်အတည်ပြုထားသည့်အမြင်များဟု မယူဆနိုင်ပါ။

**မှ ရံပုံငွေ ပံ့ပိုးသည်-**

Livelihoods and Food Security Trust Fund

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကိုမှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကိုပြန်လည်တောင်းဆိုခြင်း၊ တုံ့ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအားပံ့ပိုးပေးခြင်းဖြင့် လုပ်ဆောင်နေပါသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကိုကာကွယ်လျှက်ရှိသည့်ရွာသားများ၏နည်းဗျူဟာများပိုမိုကောင်းမွန်စေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများလုပ်ခြင်းဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းလျှက်ရှိပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါသည်။

KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း